# လရောင်ကျူးရင့်

အမှတ်တမဲ့ နိုင်ယာရီ



# အခန်း(၁)

ဖေဖေ့ကိုအကြောင်းပြလာခဲ့တာက ရှမ်းပြည်နယ်ကို တစ်ပတ်လောက်ပဲဟု ၊ တကယ်ခြေဦးလှည့်ခဲ့တော့ ချင်းပြည်နယ်ကို ထဲထဲဝင်ဝင် ...။

နွေက တောင်ပေါ်ဒေသအလှအပတွေကို နှစ်သက်သည် ။ အောက်ပိုင်းဒေသများမှာ ဘယ်လိုမှ မြင်တွေ့သာယာနိုင်မှာ မဟုတ်သည့် ရှုခင်းပသာဒတွေကို ဒီမှာ မှ မြင်ရသည် ။ ဒီလိုရောက်အောင်လာမှ တွေ့ရ၏။

တစ်ယောက်တည်း ခရီးသွားနေကျမို့ ဒီခရီးမှာ လည်း တစ်ယောက်တည်းပင်။ သူမရဲ့ ကျောပိုးအိတ်ထဲမှာ အင်္ကျီဘောင်းဘီ ငါးစုံလောက်နှင့် တခြားအတိုအထွာပစ္စည်းတချို့ရယ် ... ဒါပဲဖြစ်ကာ ...

ရှပ်အင်္ကျီပွပွ၏ အောက်မှာ ဘောင်းဘီခါးပတ်နှင့် ရောပတ်ချိတ်ထားသည့် ဗီဒီယိုကင်မရာလေးတစ်လုံး ...၊

"ဒီမှာ ညီလေး ... အဲ ...ညီမ"

နောက်က ပခုံးတို့ ခေါ်လာသဖြင့် နွေ ဖျတ်ခနဲလှည့်ကြည့်လိုက်လျှင် မျက်နှာချင်းဆိုင်ဖြစ်သွားတော့ ခေါ်သူက အားတုံ့အားနာမျက်နှာနှင့် ...

"မင်း ကားလက်မှတ် ရထားပြီးပြီလား"

"အင်း ...၊ ဘာလုပ်ဖို့ လဲ"

"ကားနံပါတ်က ခုံနံပါတ် မပါဘူးလားဟင် ..."

မေးပုံက 'အားနွဲ့သူပါရှင်'လို့ ကနွဲ့ကလျ ကြေညာနေတာမျိုး။ ပုံစံက ကုလားလိုလို၊ ကပ္ပလီလိုလို၊ လူက ထောင်ထောင်မောင်းမောင်းနှင့် ...

"ခုံနံပါတ် ပါ,မပါ ခင်ဗျားလက်မှတ်မှာ ပြန်ကြည့်ပေါ့"

နွေက ဘုကြည့်ကြည့်ပြီး ဒီဘက်ပြန်လှည့်လိုက်၏။ ငနဲက မျက်နှာရှေ့ရောက်အောင်ပြန်လိုက်ရပ်ကာ ...

"ဟဲဟဲ ... ဒီလိုပါ ညီမရယ်၊ အစ်ကိုက လက်မှတ်မရဘူးလေ၊ ဒါပေမဲ့ ကားခက ဒီလောက်ပဲပေးရတယ်၊ တကယ်ဆို ခုံနေရာမှ မရတာ အတူတူပေးစရာလား"

တကယ့်ကို မလိမ်မိုးမလိမ္မာရပ်လေးနှင့် ခခယယမေးနေပုံက သနားစရာမကောင်းဘဲ မေးကွဲသွားအောင် ထိုးပစ်လိုက်ချင်စိတ်တွေ ပေါက်လာ၏။

"ရွှီး ..."

လက်ခေါက်မှုတ်သံတစ်ချက်က ခရာမှုတ်တာထက်စူး၏။ လွယ်အိတ် စလွယ်သိုင်းထားသည့် စပယ်ယာက ရှမ်းဘောင်းဘီပုံစံ ပွပွကြီးကို ခါးပေါ်ထပ်ဆွဲတင်၍ ကြိုးနဲ့ ထပ်ပတ်ချည်သည် ။

"ကားထွက်မယ်"

လို့ ထပ်အော်ပြီးမှ ဘောင်းဘီခါးပတ်ကြိုးလည်း ချည်လို့ ပြီးကာ စောင့်နေကြသည့် ခရီးသည် တွေကို လက်ဝှေ့ပြသည် ။

"တက် ... တက်"

ဒီဒေသမှာ ကားက သူ့နေ့နဲ့ သူပဲ ထွက်သည် ။ ထွက်သည့် နေ့မှာ တစ်နေ့ကို လေးနာရီခြားပြီး နှစ်ကြိမ်ဆွဲ၏။

နှစ်ကြိမ်စလုံးမှာ လူစီးနည်းတယ်ဆိုတာ မရှိ။

နွေက တစ်ယောက်တည်းပေမယ့် ကားစောင့်ရင်း ခရီးသွားနေကျ တိုင်းရင်းသားတချို့နှင့် စျေးသည် , ကုန်သည် တို့ ၏ စကားကို ကြားနေရသဖြင့် ဗဟု သုတတွေရနေခဲ့သည် ။

ဒီကနေ အနောက်ကို ဖဲ့ဆင်းသွားလျှင် အလွန်ကြမ်းတမ်းသည့် တောကြီးကိုဖြတ်ရမည်။ ဟိုဘက်မှာ အိန္ဒိယနယ်စပ်ကိုရောက်မည်။

အခုခရီးစဉ်ကတော့ တစ်ယောက်ယောက်သာ နင် ဘယ်သွားမှာ လဲ လို့ မေးလျှင် ဖြေရမှာ မလွယ်ပေ။ တိုင်းရင်းသားတွေ နေထိုင်ပုံကို စိတ်ဝင်စားသည် မို့ တောင်ပေါ်ဒေသ သို့မဟုတ် ကျေးရွာငယ်လေးတွေကို ဦးတည်ခဲ့သည် ဟု သာ ...

ကြပ်ကြပ်ညပ်ညပ် ကားပေါ်ကို တိုးကြိတ်တက်လိုက်ရင်း ကိုယ့်လက်မှတ်လေးကို ထုတ်ယူကြည့်မိ၏။

လက်မှတ်ထဲမှာ ဒီကား၏ ဂိတ်ဆုံးထိဖြတ်ထားသည် ။ ခုံနံပါတ်က ကိုး ...။

လိုက်ကြည့်တော့ ခုံနံပါတ်ကို ဘယ်မှာ ရေးထားမှန်းမသိ၊ ဘယ်လိုရှာရှာ မမြင်။ ထိုင်ခုံတွေက ကျောမှီနှင့် မဟုတ်ဘဲ ရှေ့ဆုံးမှာ ပဲ ကျောမှီနှင့် နှစ်တန်းပါပြီး နောက်မှာ ဒီတိုင်းထပ်ညပ်ထိုင်နေကြတာ ငါးပိသိပ် ငါးချဉ်သိပ်။

ဟုတ်ပါပြီ၊ ကိုယ်က ဦးဆုံးဖြတ်ထားလို့ ရှေ့တန်းမှာ ရထားတာဖြစ်သည် ။ ထိုင်နေကြပြီဖြစ်သည့် လူတွေကို ရေတွက်ကြည့်ပြီး နံပါတ်ကိုးနေရာကို တွက်လိုက်၏။

ထိုနေရာမှာ လူရွယ်တစ်ယောက် ထိုင်နေ၏။ နောက်ကနေမြင်ရသ

ည့် ပုံစံအရ အသက် အစိတ်သုံးဆယ်လောက်ရှိမည်ထင်သည် ။

နွေက ထိုသူ့နေရာကိုကြည့်ကာ ကားပေါ်ကနေ ပြန်ခုန်ချသည် ။ ပြီးတော့ ဘေးကနေပြန်ပတ်ကာ ထိုသူ၏ ဘေးကိုပြေးသွား၍ ...

"ဒီမှာ ... ဒီမှာ ..."

သူက ငုံ့ကြည့်၏။ ကားက ခေါင်းမှာ တင် တံခါးပေါက်မဟုတ်ဘဲ ထိုသူ့ဘေးမှာ လည်း တံခါးရှိသည် ။ နောက်ခန်း၏ ရှေ့ဆုံးခုံတန်းတွေမှာ နေရာရသူ ထိုတံခါးမှ ဆင်းနိုင်, တက်နိုင်၏။

ဆိုးတော့မဆိုးပေ။ ဒါပေမဲ့ ကိုယ့်နေရာကို သူများ ဦးထားသည် မို့ မရအရ ဖယ်ခိုင်းဖို့ နွေက ဆုံးဖြတ်ကာ ...

"ခင်ဗျား ကိုယ့်ခုံနေရာမှာ ကိုယ်ထိုင်လေ၊ အဲဒါ ဒီကနေရာ"

"ဘာ ..."

ထူထဲသောမျက်ခုံးနှစ်ဖက်တွန့်တက်သွားသည် ။တံခါးအပေါ် မှန်မရှိသည့် နေရာကနေ သူက နွေ့ ကိုငုံ့မိုး၍ သေချာကြည့်၏။

"ဘာကြည့်တာလဲ၊ ဖယ်လေ၊ ဟိုမှာ ကားထွက်တော့မှာ "

"ထွက်တော့ ဘာလုပ်ရမှာ လဲ၊ ဘာခုံနေရာလဲ"

ကြောင်တောင်တောင်နဲ့ ဆိုသည့် အကြည့်နှင့် သူက မျက်နှာလွှဲလျှင် ...

"ဒီမှာ ..."

"ဘုန်း"

နွေ ဒေါသဖြစ်သွားကာ တံခါးကို ဘုန်းခနဲပုတ်ပစ်လိုက်၏။

"ဟ …ဘာဖြစ်တာလဲ"

ထိုသူ၏ စူပွပွမျက်နှာ ပြန်လှည့်လာ၏။ ရပ်ကိုက စပိုင်မင်းသားလိုလို၊ ငရုတ်ကျည်ပွေ့လောက်နှာခေါင်းကြီးနှင့် ၊ နှုတ်ခမ်းက အပေါ်အောက်ကို တစ်ဇေကစီညီမျှနေသော အကျယ်အဝန်းထူပျစ်ပျစ်။

"အဲဒါ ထိုင်ခုံနံပါတ်ကိုး၊ ဒီက လက်မှတ်ဖြတ်ထားတာ"

"ဘာတွေလာပြောနေတာလဲ၊ မသိဘူး၊ စိတ်ရှုပ်ရတဲ့ အထဲ …"

"ဟာ … ညီမ …ညီမ ဘာလုပ်နေတာလဲ၊ ကားနဲ့ လိုက်မှာ မဟုတ်လား"

"လုပ်စမ်းပါဦး၊ အဲဒီတစ်ယောက်ကို …"

စပယ်ယာ ရောက်လာတော့ သူကပဲလှမ်းတိုင်ပြီး ကျွတ်ခနဲ နှာခေါင်းရှုံ့၏။ နွေ့က ကိုင်ထားသည့် ကားလက်မှတ်ကိုပြကာ …

"ဒီက ခုံနံပါတ်ကိုးလေ၊ ဒီကနေရာကို သူထိုင်နေတာ"

"ဟာ … အဲဒီလို မဟုတ်ဘူး "

စပယ်ယာက ပြောပြီး ခေါင်းကုတ်ဖင်ကုတ်နှင့် ဖြစ်သွား၏။ နွေ့ကိုကြည့်ပုံက ဆွံ့အနားမကြားတဲ့ သူကို ဘယ်လိုနားလည်အောင်ပြောရမှန်းမသိဖြစ်သွားတာမျိုး။

ထိုစဉ် ရှေ့ခန်းက တံခါးဖွင့်လိုက်သံကြားရကာ ဒရိုင်ဘာ၏ ကိုယ်တစ်ခြမ်းထွက် လာပြီး …

"ရန်ကုန်မှာ တောင် စပယ်ယာတွေ ကားခတောင်းရင်း လက်မှတ်လေးတွေဝယ်ထားမယ်လို့ ပြောပြီးတောင်းတာ မဟုတ်ဘူး လား၊ လက်မှတ်ရောင်းပေးရတာက သတ်မှတ်ချက်တစ်ခုပဲရှိတော့တာ၊ ခုံနေရာနဲ့

ထိုင်ချင်ရင်တော့ မြို့ပေါ်မှာ Expressကားတွေ သွားစီး"

တစ်ယောက်တစ်ခွန်းပြောနေလိုက်ကြတာ စပယ်ယာက တစ်မျိုး၊ ဒရိုင်ဘာကတစ်မျိုး၊ နွေ ဒေါသဖြစ်သွားမိသည် ။ ဒါပေမဲ့ ဒီက ဒီလိုပဲ ရှိနေတာကို ကိုယ်က အရစ်ရှည်မိသလိုဖြစ်နေတာမို့ မတတ်နိုင်။

"ကဲဗျာ နောက်မှ လည်း နေရာ လုံးဝမရှိတော့ဘူး၊ ဒီကညီလေး ဟိုဘက်နည်းနည်းတိုးလိုက်ပါ၊ မိန်းကလေးဆိုတော့ နောက်မြီးမှာ ကပ်တွယ်စီးရင် အန္တရာယ်ရှိလို့ ပါ"

စပယ်ယာက နွေ အရှိုက်ထိသွားတာကို ရိပ်မိကာ စကားဖြတ်ပြောသည် ။ သူ့ဘက်လှည့် လာပြီမို့ ကားပေါ်ကပုဂ္ဂိုလ် ဒီဘက် ဖျတ်ခနဲ ငုံ့ကြည့်။

"ဘာလဲ ကျွန်တော့်ကိုလား ..."

နွေကို ကြည့်ပြီးမှ စပယ်ယာကိုမေးသည် ။ စပယ်ယာက တောင်းပန်သည့် အပြုံးနှင့် ခေါင်းညိတ်လိုက်ကာ ...

"အဲဒီမှာ ဟိုဘက် ဒီဘက် ကိုးယောက်ဆံ့တာပါ၊ အခု ..."

"အခုလည်း ကိုးယောက်ပြည့်နေပြီလေ၊ ရေကြည့်ပါလား"

"ရေကြည့်တော့ ဘာဖြစ်လဲ၊ တစ်ယောက်တော့ ဘယ်လိုထိုင်ထိုင်ရသေးတယ်"

နွေက အမြင်ကတ်ပုဒ်မနှင့် ဇွတ်တရွတ်ဝင်ပြော၏။ သူတို့ ကျတော့ ခုံနဲ့ လည်း ထိုင်သေးသည် ၊ ထိုင်နေရတာ သက်သောင့်သက်သာ ...

ယောကျ်ားကြီးဖြစ်ပြီး သူများ အတွက် နေရာလေးဖဲ့ပေးရမှာ ကို တွက်တွက်ကပ်ကပ်နဲ့ ...

"ခုံနေရာနဲ့ ထိုင်ရတာ မဟုတ်ဘူး ဆိုတော့ ပိုပြီးတော့တောင် ပူးကပ်ညပ်သပ်လို့ ရသေးတယ်၊ ဒီကကို တံခါးဖွင့်ပေး"

နွေက ကားပေါ်ကို မျက်စောင်းလှမ်းထိုးပြီး စပယ်ယာကိုလည်း ခိုင်းလိုက်သေးသည် ။ မိန်းကလေးမို့ ယောကျ်ားတွေအလယ်မှာ မျက်စိသူငယ် နားသူငယ်ဖြစ်သွားတာမျိုးမရှိ။

နောက်ခန်းထဲကခရီးသည် တွေကလည်း သူမကို ခေါင်းပြူကြည့်နေကြသည် ။ ပြီးတော့ ဒီရှေ့မှာ နေရာလာလုနေသည် မို့ နောက်မှာ နေရာမကျန်တော့သည့် အဖြစ်ကိုလည်း ရှက်ရမှန်းမသိ။ စကားပြောတော့ 'ဒီက'ဆိုတာ ပါးစပ်ကမချ။

ဘာလဲ ... နာမည်က 'ဒီက'တဲ့ လား ...။

အပေါ်စီးကနေ ရှုံ့မဲ့ကြည့်ရင်း သူမအတွက် နေရာပေးဖို့ ကို ဟိုဘက် တစ်တန်းလုံးမှာ ရှိသည့် လူတွေနှင့် မျက်လုံးချင်းတိုင်ပင်ရ၏။

တစ်ဖက်ထိပ်ကနေ နည်းနည်းစီတိုးပေးလိုက်ကြတော့ သူမအတွက် နေရာတစ်နေရာစာ လုံလောက်စွာထွက်လာသည် ။

"ရပြီ ညီမ တက် တက်"

စပယ်ယာက တံခါးဖွင့်ပေးပြီး ဟူးခနဲသက်ပြင်းမှုတ်ထုတ်ပြီး နောက်ကိုပြန်လှည့်သွား၏။ စပယ်ယာအတွက် အရှုပ်ထုပ်တစ်ထုပ် ပြုတ်ကျသွားခဲ့သော်လည်း ထိုအထုပ်က သူ့ဘေးကိုပြုတ်ကျလာလိုက်တာ ဆောင့်ခနဲ ...။

"ဟ ..."

အသံထွက်လာတာကိုသိသည် ။ နွေက ခပ်တည်တည်မျက်နှာလေးနှင့် ဘေးမှာ အိတ်ကိုချလိုက်သည် ။ တမင်တကာ သူ့ဘက်ကို ပိုပိုသာသာ

ဖိတိုးပေးလိုက်တာဖြစ်သည် ။

"ယောက်ျားဖြစ်ပြီးတော့များ သူကပဲ အော်ရတယ်ရှိသေး၊ သေလိုက်
"

"ဟော့ ... မင်းအိတ်ကို အဲဒီလိုမထားနဲ့ လေ"

"ထားတော့ဘာဖြစ်လဲ၊ ပစ္စည်းတွေကို ဟိုလိုမထားနဲ့ ၊ ဒီလိုမထားနဲ့ ပြောရအောင် ခင်ဗျားက ဒီကားပေါ်မှာ နေရာချထားရေးရာထူးနဲ့ လိုက်နေတာလား"

"ဟား ... မင်း စွာလှချေလား၊ မင်းအတွက် တစ်နေရာတောင်မှ ဒီမှာ ကန့်သတ်ပေးလို့ ထွက်လာတာ၊ နည်းနည်းပါးပါးနားလည်မှ ပေါ့"

"နားလည်တော့ ဘာလုပ်ရမှာ လဲ၊ ခင်ဗျားခေါင်းပေါ် တင်ထားရမှာလား"

"မင်း ..."

"ဟွန်း ..."

ရုပ်ကြီးက ...၊ နွေက နီးနီးကပ်ကပ်လေးငုံ့မိုးကြည့်နေသည့် မျက်နှာကို သေချာမော့ကြည့်ပြီး မျက်စောင်းထိုးပစ်လိုက်၏။ စွာသင့်တာထက်ကို ပိုစွာလိုက်တာ

သူများကိုဆို ကျေးဇူးတင်လိုက်တာလို့ တောင် ပြောလိုက်ဦးမည်။ သင်းကိုတော့ မျက်နှာကြည့်မိတိုင်း မျက်စောင်းထိုးပစ်ချင်၏။

နွေနဲ့ သူ စကားများ နေကြတာကို တစ္စေ့တစောင်းပဲကြည့်ကြပြီး ဟိုဘက်ကလူတွေကလည်း ဘာမှ မပြောကြပေ။ ရှေ့နှစ်တန်းမှာ ယောက်ျားတွေပဲများကာ မိန်းကလေးဆိုလို့ နွေနဲ့ အသက်ငါးဆယ်လော

က်မိန်းမကြီးနှစ်ယောက်ပဲရှိသည် ။

မိန်းမနှစ်ယောက်ပဲပါပြီး တစ်ယောက် ရှေ့တန်းတစ်ဖက်ထောင့်မှာဖြစ်ကာ တစ်ယောက်က နောက်တန်း ဒီဘက်ထောင့်။

ဟိုမိန်းမကြီးနဲ့ ပတ်ဝန်းကျင်က အေးချမ်းစွာရှိနေလျက် နွေကတော့ မိန်းမလိုမိန်းမရ အူပုပ်ပွထနေသည့် ပုဂ္ဂိုလ်နှင့် တစ်နေရာရာမှာ သူသေကိုယ်သေ တိုက်ပွဲဝင်ရဖို့ တွေ့ရှိနေ၏။ ခရီးစကတည်းက ယဉ်သကို ... ။

ကားက ဘာကားမျိုးမှန်းတော့မသိ။ စက်သံကြမ်းသလောက် ပြေးသည် ။ ဟိုင်းလတ်ကားနှင့် တူကာ ဝမ်းပြားပြီး ခါးလည်း ရှည်သည် ။

နောက်ခန်းတံခါးတပ်ထားသည့် ပုံကလည်း ဘော်ဒီကို သပ်သပ်ထွင်ပြီးတပ်ထားတာပဲဖြစ်သည် ။ ခေါင်မိုးထက်မှာ ကုန်တွေတင်လျက် ကားတစ်စီးလုံး လူရော ပစ္စည်းရော ကြပ်ညပ်နေ၏။

နွေက ပတ်ဝန်းကျင်နှင့် ကားကို ဆက်စပ်မှတ်ထားနေရင်း မျက်လုံးက ဟိုဘက်လှည့်နေသည့် သူ့မေးဖျားဆီ ဝေ့သွားခဲ့သည် ။

နားသယ်စပ်မှ ဆင်းသော ပါးမြိုင်မွေးများက မေးဖျားမှ မသေမသပ်ထိုးထိုးထောင်ထောင်နှင့် ...

နှုတ်ခမ်းမွေးရာကလည်း စိမ်းနေသည့် လမ်းကြောင်းပေါ်မှာ နှုတ်ခမ်းထောင့်မှာ ကျမှ အစအနတွေဖြစ်နေသည် ။

အသားမဖြူသော်လည်း ခပ်လတ်လတ်ဖြစ်ကာ ဝင်းဖန့်ဖန့်အသားမျိုး ဖြစ်၏။ ဒါပေမဲ့ ဝတ်ထားသည့် သနပ်ခါးရောင်ရှပ်လက်တိုက နုသစ်တောက်လက်နေသည် ။ ဘယ်သူနဲ့ မှ မထိမိအောင် လက်ပိုက်ပခုံးကျုံ့ထားသဖြင့် သူ့ရဲ့ လက်ဖျံထက်မှာ ကြမ်းရှသည့် မွေး

ညင်းတို့ ကို အစိမ်းရင့်ရောင်သန်းသည့် ပုံနှင့် မြင်နေရ၏။

ပုံကတော့ တော်တော်ကိုကြီးကျယ်လေထန်မည့် ပုံပင်။ ထိုစဉ် နွေကြည့်နေတုန်း သူ ဒီဘက်ကို ဖျတ်ခနဲလှည့်လာသဖြင့် ဘယ်လိုမှ မျက်နှာလွှဲဖို့ အချိန်မရတော့ဘဲ ...

"ရှုဆေးဘူးပါရင် ခဏငှားပါလား"

" မပါဘူး၊ ပါရင်လည်း မင်းထက်အရင် မူးလဲမယ့် ကိုယ်ကိုယ်ကိုပဲ အရင်ရှုခိုင်းရမှာ "

"ဘာ ..."

"တစ်ကိုယ်လုံး ဒီဘက်မှာ ပစ်ကပ်မှီထားတာ လူကို ကူရှင်မှတ်နေသလား၊ စိတ်အိုက်၊ လူအိုက်နဲ့ ချွေးသံတစိုစို ..."

"ဒီမှာ ..."

လူကို ချွေးစော်နံသည် ဟု အပြောခံရသဖြင့် နွေ မျက်နှာလေးတင်းသွားသည် ။ ဒါကြောင့် သင်းက ကိုယ့်အသားနဲ့ မထိအောင် လက်ပိုက်ကြီးစံနေတော်မူတာကိုး ...။

"မအိုက်ချင် မစိုချင်ရင် ကိုယ့်ဟာကိုယ် ကိုယ်ပိုင်ကားနဲ့ လာပါလား၊ ခင်ဗျားကို ထိချင်လွန်းလို့ ထိတယ်မထင်နဲ့ သိလား"

"ဘာဖြစ်လို့ လဲ ပြောဦး၊ မင်း တမင်ရွဲ့နေတာ မသိဘူးမှတ်လို့ လား"

"သိရင်ပြီးတာပဲလေ၊ နောက်ထပ်ပြီး ရွဲ့ချင်အောင်လုပ်ရင် ခင်ဗျား ခေါင်းပေါ် ရောက်သွားနိုင်တယ်"

"တောက်"

သူက ခပ်ကြိတ်ကြိတ် တက်ခေါက်၍ တစ်ဖက်လှည့်သွားသည် ။ မ

ထင်မှတ်ဘဲ သူ့ထံမှ ဆပ်ပြာမွှေးနံ့နှင့် တူသော မွှေးတာလည်း မဟုတ်၊ ကိုယ်နံ့သက်သက်လည်း မဟုတ်သော အနံ့တစ်မျိုးကို နွေ ရှူရှိုက်မိ၏။

ထိုအခါ နွေ မျက်နှာလေးမှာ အရောင်တစ်မျိုးပြောင်းလဲသွားခဲ့၏။

နွေက တစ်ဦးတည်းသောသမီးပေမယ့် အစ်ကိုဝမ်းကွဲတော်သည့် ကိုကြီးသက်ထွန်းကို ဖေဖေက ငယ်ငယ်ကတည်းက အမွေစားအမွေခံ မွေးစားခဲ့သည် မို့ ကိုကြီးကို နွေ တအားချစ်သည် ။

ကိုကြီးကလည်း နွေ့ ကိုဆို မျက်နှာညိုမခံအောင် အလိုလိုက်တဲ့ သူဖြစ်သည် ။

"ဒါပေမဲ့ ကိုကြီး လေတပ်ထဲရောက်သွားကတည်းက ခဏတဖြုတ် လောက်ပဲ ရောက်ရောက်လာခဲ့တော့သည် ။ ကိုကြီးမရှိတော့ကတည်း က အဖေတစ်ခု၊ သမီးတစ်ခုဘဝရဲ့ ခြောက်သွေ့ခြင်းက ပို၍ သိသာလာ ခဲ့၏။

နွေကတော့ အိမ်မှာ တစ်ယောက်တည်းရှိနေရတိုင်း ကိုကြီးအခန်း ထဲမှာ ပဲ လှဲနေလိုက်၊ ဟိုဖွဒီဖွနှင့် အချိန်ကုန်ခဲ့သည် ။

ဘယ်နေရာဖြစ်ဖြစ် ကိုကြီးရဲ့ အငွေ့အသက်တွေပဲမို့ ဒီလူ့ထံမှ ကိုကြီးရင်ခွင်ထဲတိုးဝင်မိတိုင်းရတတ်သည့် ကိုယ်သင်းနံ့ကိုရလိုက် တော့ တင်းမာနေခဲ့သမျှအားလုံး ဖြုတ်ခနဲပျော်ဆင်းသွား၏။

ပြီးတော့ သူ့ကိုထပ်ကြည့်မိပြန်သည် ။ ဟုတ်သည် ကိုကြီးနဲ့ မတိမ်း မယိမ်းလောက်ပဲရှိမှာ ပါ။ မုန်းစရာကောင်းတာက ကိုကြီးက သူ့လို ပုပ် ပွနေတဲ့ ရုပ်ကြီးမဟုတ်။

ကားက အရှိန်မှန်နှင့် တောင်ကြောတစ်ခုကို ကွေ့တက်နေသည် ။ ပ တ်ဝန်းကျင်ရှုခင်းတွေက စိမ်းစိုလှပနေ၏။ ခပ်ဝေးဝေးမှာ ကျတော့ အစိ

မ်းလွန် ညို့မှောင်နေပြန်သည် ။

ဗီဒီယိုရိုက်ယူချင်လောက်အောင် ဆွဲဆောင်နေတဲ့ အလှမျိုးမဟုတ်ပေမယ့် ကိုယ့်ရဲ့ ခရီးသွားမှတ်တမ်းလေးမို့ ...၊ ပြီးတော့ ဒီလူကြီးကို နှိပ်စက်ဖို့ နည်းလမ်းရှာရင်း ...

"လှလိုက်တာ"

ကားရဲ့ တံခါးအပေါ်မှာ မှန်မပါဘဲ ခြောက်လက်မလောက်လေးလွတ်နေတာကို ကင်မရာကပ်ထားပြီး နွေက အလုပ်မရှိအလုပ်ရှာ၏။

ဘေးကို ကိုယ်တစ်စောင်းလှည့်နေသည် မို့ သူ့ဘက်ကို လုံးလုံးလျားလျားမှီချထားသလိုဖြစ်နေသည် ။

ချွေးပေမှာ ကြောက်တဲ့ လူကြီး သေလိုက်တော့ ...

ယောက်ျားဆို နှာဘူးလိုလို၊ တဏှာရူးလိုလို ယောက်ျားတွေက ရှုံ့စရာကောင်းသည် ။ ဒီလို ကပ်စေးနဲ့မျိုးကျတော့ အမြင်ကတ်ဖို့ကောင်းပြန်သည် ။

ထို့ပြင် စိတ်ဝင်စားဖို့ လည်းကောင်း၏။ ယောက်ျားဆိုတဲ့ အတူတူသော အမျိုးအစားတွေထဲမှာ ဒီယောက်ျားမျိုးကျတော့ ဘယ်လို အမျိုးအစားထဲမှာ ပါပြီး သင်းကွဲဖြစ်နေပါသနည်း။

ရှေ့မှာ ချိန်နေသမျှမြင်ကွင်းတွေကို မမြင်ဘဲ နောက်မှာ ဟိုပုဂ္ဂိုလ်ဘယ်လောက်ထိ ရှုံ့တွဒေါကန်နေမလဲဆိုတာကို တွေးရင်း ပြုံးနေမိ၏။

"ဒီမှာ မယ်မင်းကြီးမ ..."

အဲ ... စပြီ၊ နွေ အားပါးတရ မဲ့ပစ်လိုက်ပြီးမှ သူ့ဘက်ကို ဖျတ်ခနဲ လှည့်မော့လိုက်တော့ မလိမ်မိုးမလိမ္မာမျက်နှာလေးနှင့် ...

"ဘာလဲဟင်"

"မင်းမှာ နေရာထိုင်သာရဲ့ သားနဲ့ ဘယ်လိုပုံစံလုပ်နေတာလဲ၊ ထင်သလိုပြောလိုက်ရရင် မင်းနဲ့ ငါ လူသတ်ပွဲဖြစ်တော့မယ်"

"မဖြစ်ပါဘူး၊ ပြောကြည့်"

ကြည့်စမ်း ဒီမိန်းကလေး …၊ သူ့မျက်လုံးတွေ စူးလက်သွားတာ ကြည့်လို့ ကောင်းနေသည် ။

နွေ့က ဘာဖြစ်သွားတာလဲလို့ မေးသလိုမျိုး ကင်မရာကိုင်လျက်နှင့် သူ့ကို မေးဆတ်ပြသည် ။

"တံတိုင်း … ဘာဖြစ်နေတာလဲကွာ"

ရှေ့တန်းမှာ ထိုင်နေသည့် လူဝဝတစ်ယောက်က စိတ်ပျက်သည့် မျက်လုံးကို နွေ့ဆီတစ်ချက်ဝေ့ပြီးမှ သူ့ကိုမေး၏။ သူ့မျက်နှာ တင်းနေရာကနေ ခပ်ပြေပြေပြန်ဖြစ်သွားလျက် ပင့်သက်ရှိုက်သည် ။

ပြီးတော့ ဘာမှ ဆက်မပြောတော့ဘဲ နွေ့ကိုယ်လေးကို သူ့ရင်ဘတ်နဲ့ ထပ်ကပ်ပြီး နေရာရွှေ့လိုက်၏။

ထိုအခါ နွေ့ ကိုယ်လေးက တံခါးဘက်ကို အော်တိုမစ်တစ်ပြိုကျသွားလျက် …

"အယ် … ကြည့်စမ်း …"

လက်ထဲက ကင်မရာလည်း ပြုတ်ကျတော့မလိုဖြစ်သွား၏။ သူကတော့ ခပ်တည်တည်ပုံစံနှင့် လက်ပြန်ပိုက်ပြီး ကျကျနနထိုင်နေသည် ။

"တော်တော်တရားကျဖို့ ကောင်းတယ်နော်၊ မိန်းမတစ်ယောက်နဲ့ နေရာပြိုင်လုတာ …"

"ဘယ်သူကလုတာလဲ၊ ငါ့တစ်နေရာစာပဲထိုင်တာ၊ လူတစ်ယောက်က တစ်နေရာထက် ပိုထိုင်လို့ ရသလား"

နွေ ကတော့ ဟိုဘက်မှာ အိတ်တစ်လုံးတောင်ချထားခဲ့သေးသည် ။ သူက ဒါကိုပြောချင်တာလား။ စိတ်ထဲမှာ ထောင်းခနဲတော့ ဖြစ်၏။ ဒါပေမဲ့ နွေက ကောက်တီးကောက်ချိတ်မလုပ်တတ်သည့် အကျင့်လေးတော့ရှိနေရာ ...

"ပြောချင်ရင် တည့်တည့်ပြောစမ်းပါ၊ ဒီက အဝတ်အိတ်ချထားတာကို မကျေနပ်ဖြစ်နေတာမဟုတ်လား ..."

သူက နွေ့ကို ဘာမှ ပြန်မပြောတော့ဘဲ လက်ပိုက်လျက်နှင့် မျက်လုံးတွေကိုမှိတ်ထားလိုက်သည် ။ ဒီလိုကျတော့လည်း မျက်ခုံးထူထူကြီးတွေက တိုစိပ်သည့် မျက်တောင်လေးတွေနှင့် ပနံရနေ၏။

ဒီလိုမာနကြီးသည့် ယောက်ျားမျိုးကို နွေ တစ်ခါမှ ကိုယ်တိုင်မတွေ့ခဲ့ဖူးပေ။ အစက ဒေါသဖြစ်မိပေမယ့် သေချာကြည့်လာမိတော့ ဒီလူက ခင်ဖို့ ကောင်းပါသည် ။

ခက်တာက သူ့ကို နွေ အဆမတန် ပြောဆိုထားခဲ့မိ၏။ ပြန်လည်သင့်မြတ်ဖို့ ကတော့ လွယ်မည်မထင်။

သွားရမည့် ခရီးက ဝေးသေးသည် ။ ဒီတိုင်းကြီးသွားရမှာ တော့ ပျင်းစရာကြီးပါ။ ဘယ်ခရီးပဲသွားသွား လေကြောင်း၊ ကုန်းကြောင်း ဘယ်မှာ ဖြစ်ဖြစ် ခဏလေးနှင့် ခင်ခင်မင်မင်ခေါ်ပြောဖြစ်သွားတဲ့ အထိ နွေက ဖော်ရွေခဲ့တာပါ။

မျက်စိအောက်မှာ သူများ ဒုက္ခရောက်နေတာမြင်လျှင် မနေတတ်တာ၊ တစ်ယောက်တည်း ဝေါင်ဝေါင်ကြီးထိုင်နေသည့် ဒုက္ခကို မခံစားနို

င်တော့။

ထိုသို့သောအကြောင်းများကြောင့် နွေ့မှာ ခရီးသွားရင် မိတ်ဖွဲ့တတ်သည့် အကျင့် ရှိနေခဲ့တာ ဖြစ်၏။

ဘယ်နှယ် ခုကျမှ ဒီခရီးကို စကတည်းက ရန်မီးပွားခဲ့၏။

"နွေရယ် နင့်လိုသာ သွားချင်တဲ့ နေရာကို ဖျိုးဖျပ်နဲ့ ထသွားလို့ ရရင် သိပ်ကောင်းမှာ ပဲ၊ ခုတော့ ငါ့မှာ ကလေးတိုးလိုးတွဲလောင်းနဲ့ ..."

ရင်ငြိမ်းသူဟု ခေါ်သော ငြိမ်းကို သတိရလိုက်မိသည် ။ သူမက ဂျာနယ် သတင်းထောက်တစ်ဦးနှင့် လက်ထပ်ခဲ့သည် ။ ယောကျ်ားဖြစ်သူအတွက် သူမကလည်း ဟိုသွားဒီသွားလိုက်ရင်း သတင်းစုဆောင်းပေးခဲ့၏ ။

ထိုစဉ်ကတော့ နွေနဲ့ နှစ်ယောက် ဘယ်နေရာဖြစ်ဖြစ် အတူတူ။

သတင်းထောက်လည်း မဟုတ်၊ ဝါသနာပါတာလည်း မဟုတ်ပေမယ့် နွေက ခရီးဝေးသွားတာကို ဝါသနာပါသည် ။ ပြီးတော့ စကားပြောသွက်သလောက် စပ်စုခြင်းအလုပ်ကိုလည်း ဝါသနာထုံလေသည် ။

တစ်ခါတလေ နွေ ကပဲ သတင်းထူးတွေပေးတတ်သေးသည် ။ ထိုအခါ ငြိမ်း တို့ လင်မယားနှစ်ယောက်စလုံးက နွေ ခရီးတစ်ခုခုက ပြန်လာခြင်းကို မျှော်တတ်လာကြ၏။ ခုလို သားလေးတစ်ယောက်ရှိလာတော့ပိုဆိုးသည် ။

နွေနဲ့ ဟိုနားဒီနားလောက်တောင် မလိုက်နိုင်တော့ပေ။

"နင်က ခရီးသွားတာကို ဝါသနာပါတယ်နော်၊ သွားလည်း သွားရဲတယ်"

"မသွားရဲလို့ မရဘူးလေ၊ ဖေဖေက သူ့အလုပ်နဲ့ သူ၊ ကိုကြီးက အဝေးမှာ ၊ ငါ့မှာ ကျောင်းပြီးကတည်းက အိမ်ကြီးထဲမှာ တစ်ယောက်တည်းရယ် ..."

"ဒါပေမဲ့ မိဘကိုညာပြီး ခရီးသွားတာကတော့ အန္တရာယ်ရှိတယ်နော် နွေ၊ နင့်အတွက် ငါ စိတ်ပူတယ်"

"ပူမနေနဲ့ မယ်ရင်ငြိမ်း၊ အခုသွားမှာ ရှင့်အတွက် အများကြီးပါတယ်နော်"

သတင်းတစ်ခုကို မသေချာမရေရာကြားထားသည် ။ ဝေးလံသီခေါင်တော့ ဘယ်သူမှ သေချာစုံစမ်းတဲ့ အဆင့်ထိ မရောက်သေး။

"ဒီသတင်းကို ငါတို့ ဂျာနယ်မှာ သူများ ထက်ဦးပြီး အတိအကျဖော်ပြနိုင်ရင် စောင်ရေ တစ်ခါတည်းထိုးတက်သွားမှာ ပဲ"

ဟု ငြိမ်းတို့ လင်မယား အားမလိုအားမရ ညည်းညူနေသံကြားတော့ နွေက ဆုံးဖြတ်၏။

"ငါ ဒီတစ်ခါ အဲဒီဘက်ကိုလစ်မှာ ဟ၊ ရှမ်းပြည်နယ်ဘက်မှာ အဒေါ်ဝမ်းကွဲတွေရှိတော့ ဖေဖေကလည်း ခွင့်ပြုတယ်၊ ငါလမ်းကြောင်းပြောင်းပြီး သတင်းရအောင်ယူခဲ့မယ်"

"အို ... ချင်းပြည်နယ်ဘက်မှာ အဝေးကြီးရယ်၊ ဒါတော့မလုပ်နဲ့ နွေရယ်၊ တကယ်ပါ မလုပ်နဲ့ "

ငြိမ်းက အသည်းအသန်တားသည် ။ လူချင်းခွဲထွက်လာတဲ့ အထိ သူမအတွက်နဲ့ ချင်းပြည်နယ်ကို လူကြီးမသိအောင်မသွားဖို့ ကတိတွေတောင်းတုန်း ...။

ခုတော့ ဒီခရီးကို အောင်မြင်အောင်ထွက်လာနိုင်ခဲ့ပြီးမှ အဖုအထစ်

ကလေးတွေ ကြုံလာခဲ့ရသည် မို့ မပျော်နိုင်။

ကိုယ့်ဘေးမှာ မိန်းမဖော်ဆိုရင်လည်း ကောင်းသား။ ယောက်ျားကြီး တန်မဲ့နှင့် ကြီးလိုက်တဲ့ မာနက နည်းနည်းမှ သည်းခံလိုစိတ်မရှိ။

ကောင်မလေး စူပွပွနှင့် ဟိုဒီ စိတ်မပါဘဲငေးနေတာကို သူကလည်း သိသည် ။ ယောက်ျားလေးလို ရှပ်အင်္ကျီပွပွ၊ ဘောင်းဘီရှည်ပွပွလေးနှင့် ဆံပင်ကလည်း ယောက်ျားဆံပင်ပုံစံ ကုပ်ထောက်သာသာလေး ဖြစ်၏။

ဒါပေမဲ့ သေးသေးပါးပါးလေးနှင့် နက်မှောင်သွယ်တန်းနေသည့် မျက်ခုံး။ မျက်တောင်ကော့တို့ အပေါ်အောက်ဝန်းရံနေသည့် မျက်ဝန်းကလေးတွေက ယောက်ျားလေးလို့ မှားနိုင်စရာမရှိပါ။

နှုတ်ခမ်းသားလေးတွေကို ဘေးကနေမြင်ရတော့ ပန်းရင့်ရောင်နှင်းဆီငုံလေးနှင့် တူသည် ဟု ထင်ရ၏။

တူတယ်ဆိုတာတောင် နုအိရွှန်းစိုနေသည့် နှုတ်ခမ်းသားလေးတွေကို နှင်းဆီငုံ၏ အလှက မီနိုင်ပါ့မလားမသိ။

လှတာတွေထဲမှာ မလှတာက သူမ၏ သွားလာနေထိုင်ပုံစရိုက် ...။

ပြောဆိုပုံအရ သူမဟာ တောင်ပေါ်ဒေသသူ မဖြစ်နိုင်။ ဝတ်စားပုံက ရန်ကုန်သူတစ်ယောက်လို့ ဖော်ပြနေသည် ။ ဒါကို သူ တပ်အပ်သိနေတာ သူကိုယ်တိုင်က ရန်ကုန်သားမို့ပါ။

ဟိုနဲ့ ဒီ ဤမျှ ဝေးလံသောခရီးကိုလာခဲ့တာ တစ်ယောက်တည်းရယ် ...။ တစ်ယောက်နဲ့ တစ်ယောက်အတူလာရင်း အကြောင်းတစ်ခုခုကြောင့် ခွဲထွက်ခဲ့ရတာဆိုရင်လည်း မျက်နှာပေါ်မှာ ကြောက်ရွံ့လှုပ်ရှားဟန်လေးတော့ရှိသင့်၏။

ခုကျတော့ တစ်ကားလုံးမှာ သူမမှာ ဆတ်ဆတ်ကြဲ။

"ဒုန်း"

"အား"

ကားက ဒုန်းခနဲပစ်ဆောင့်၍ မြောက်ကြွသွားစဉ် သူ့အတွေးတွေလန့် ဖျပ်ပြေးကုန်၏။ သူမကိုယ်သူမ 'ဒီက' ဟု ကင်ပွန်းတပ်သော မယ်မင်းကြီးမက သူ့ပေါင်ပေါ်ကို တစ်ကိုယ်လုံး ပြိုကျလေသည် ။

တစ်ကားလုံး အော်ဟစ်ညစ်ညူးသံတွေ ဆူညံသွား၏။

"ဘာမှ မဟုတ်ဘူး ဗျို့၊ ယုန်ကိုရှောင်လိုက်လို့ ချိုင့်ကျသွားတာ"

စပယ်ယာက လှမ်းအော်လိုက်တော့ ဒေါသထွက်ဖို့ တွေ သတိရသွားကြကာ ...

"အောင်မယ်လေး ယုန်ကိုပဲရှောင်ရတယ်လို့ ၊ ဟိုဘက်မှာ ချောက်ကြီးနဲ့ ..."

"ဟုတ်ပဟော့၊ ချိုင့်ကျလို့ ပဲတော်တော့တယ်"

စကားဝဲဝဲနှင့် နောက်ကညည်းသံတွေထွက်လာကြသည် ။

နွေ ကတော့ ပြုတ်ကျသွားသည့် ကင်မရာကို လိုက်စမ်းရင်း ဟိုခြေထောက်ကိုင်မိ၊ ဒီခြေထောက်စမ်းမိ ...။

"ဟ ... ဘယ်လိုဖြစ်တာလဲကွ"

ပေ ါင ်ပေ ါမ ျ ၁ လက်တစ်ဖက်ထောက်ထားသေးသည် ။ ခြေမကိုကိုင်ပြီး ဟိုဘက်တွန်း၊ ဒီဘက်ရွှေ့လုပ်လာတော့ ဒေါသဖြစ်သွားမိ၏။

လက်ကို ဖယ်ပစ်လိုက်ဖို့ ပြင်ပြီးမှ ရုတ်တရက်တွန်းလိုက်လျှင် သူမ တစ်ကိုယ်လုံး ပြုတ်ကျသွားမှာ မို့ မတွန်းဖြစ်။

"ဒီမှာ ကင်မရာပြုတ်ကျသွားလို့ ပါ၊ ခြေထောက်ခဏကြွပေး"

"ဟား ... မင်းကင်မရာကို ငါက တက်နင်းထားပါ့မလား၊ ဖယ် ဖယ်"

ပေါင်ပေါ်မှာ ထောက်ထားသည့် လက်ကို ပုတ်ထုတ်လိုက်တော့ ဖယ်လည်း ဖယ်ပေးပြီး ကုန်းကုန်းကွကွရှာဖွေနေသည့် သူမကိုယ်လေး ခုံပေါ်နေရာတကျပြန်ရောက်၏။

လက်ထဲမှာ ကင်မရာပါလာကာ ရန်တွေ့ဖို့ ပါးစပ်ထဲမှာ တစ်လုံးကြီး ။

"ဘာ ... ဘယ်လိုခေါ်လိုက်တယ်"

ထိုစဉ် ကားက ဘယ်ဘက်ကိုကွေ့တက်သွားသည် မို့ သူ့ပခုံးနဲ့ နွေ့ ပခုံး ဖိကပ်ထပ်သွားကာ တစ်ယောက်ယောက်က တမင်တကာ ပူးကပ်ပေးလိုက်တဲ့ အတိုင်း ...။

ဒါပေမဲ့ ကားပြန်တည့်သွားတော့ နွေက နေရာမှာ ပြန်ရွှေ့ထိုင်လိုက်ကာ ...

"ခင်ဗျားနာမည် ခေါ်တာလေ၊ တတိုင်းရ ..."

"ဟော့ ... မင်း ..."

သူ ဒေါသထွက်နေတာကို ဘာဖြစ်တာလဲဆိုသည့် အကြည့်နှင့် မျက်တောင်လေးပင်ခတ်လိုက်သေးသည် ။ ဒါမျိုးဆို နွေ တို့ က ကျွမ်းကျင် ကောင်းပြီးသား ...။

ဒါ သူ့နာမည် မဟုတ်ဘူး ဆို သိသားပဲ။ စောစောက ရှေ့က လူကြီး လှည့်ခေါ်လိုက်တာကို ကြားတော့ကြားလိုက်ပြီး၊ မသဲကွဲလိုက်လို့ တမင်ခေါ်ပစ်လိုက်ခြင်းဖြစ်သည် ။

အဲဒါ မဟုတ်ဘူး ဆိုလည်း ငါ့နာမည် ဘယ်သူဘယ်ဝါဆိုတာ ပြောပါလား ...၊ သူကလည်း ဒေါသတွေပြ၍ တစ်ဖက်လှည့်သွား၏။ နွေ ကလည်း အတင်းမမေးပါ။

ထိုစဉ်မှာ ပဲ စောစောကလူကြီး နောက်လှည့်ကြည့်လာကာ ...

"သူ့နာမည်က 'တတိုင်းရ' မဟုတ်ဘူး ကွယ့်၊ တံတိုင်း၊ သူ့ထက် အသက်ကြီးတဲ့ သူရော၊ ငယ်တဲ့ သူတွေရော၊ သူငယ်ချင်းတွေက အစ ကို တိုင်း လို့ ခေါ်တာ များ တယ်"

"ဩော် ... ဩော် ..."

လူကြီးပြောပြတာကို ဒေါသနှင့် လှမ်းကြည့်သည့် သူ့မျက်နှာကိုမြင်ကာ နွေ ကတမင်တကာ မုန်းစရာဖြစ်အောင် လေသံဖမ်း၍ ခေါင်းတညိတ်ညိတ်လုပ်လိုက်၏။

သူကလည်း လုံး၀၊ အတိအကျ မေတ္တာမထားနိုင်သည့် မျက်လုံးကြီးနှင့် စောင်းကြည့်ဖော်ရလေသည် ။

လူကြီးက တံတိုင်း ကိုကြည့်ပြီးပြုံးလိုက်၏။ ဒီကလေးမ တံတိုင်းကိုမှ မထိတထိ သွားစရတယ်လို့ ...ဟု တွေးရင်း ...

"ဦးက ဦးပေါ်လို့ ခေါ်တယ်၊ တူမကြီးက ဘယ်သွားမှာ လဲ"

"ဟင် ... ဟို ... ဒီကားဆုံးတဲ့ အထိ"

"ဟေ ..."

ဦးပေါ်က အံ့ဩသလိုဖြစ်သွားလျက် တဖြည်းဖြည်းပြုံးကာ ရှေ့ပြန်လှည့်၏။ အလွန်အမင်း အထင်ကြီးလေးစားသွားပုံပေါ်သည့် တံတိုင်းက နှာခေါင်းရှုံ့၍ လက်ပြန်ပိုက်လေသည် ။

"ဩော် ... အန်ကယ်ပေါ် သိလား ..."

စကားစပြတ်သွားတာကို ပြန်ဆက်ဖို့ အတွက် နွေ ဒီလိုပဲ 'သိလား' ဟု စတင်ပြီး တစ်ယောက်က ကိုယ့်ကို မျက်လုံးချင်းဆုံကြည့်တော့မှ ပြောလိုရာကို ဆက်တတ်တာက အကျင့်၊ အန်ကယ်ပေါ်လို့ တရင်းတနှီး ခေါ်လိုက်တော့ ဦးပေါ်ကလည်း လှည့်ကြည့်သည် ။

"ဘာလဲ တူမ"

"ဒီက ကိုမေးပြီးတော့ အန်ကယ်ပေါ်တို့ က ဘယ်ကိုသွားမှာ လဲ"

'တို့ 'ဆိုသည့် တစ်ယောက်မကသော နာမ်စားကြောင့် ဦးပေါ်က ပြုံးလိုက်၍ တံတိုင်း ကိုလည်း မသိမသာကြည့်ကာ ...

"လုံဘန်းမှာ ကျုပ်က ဆင်းမှာ ၊ သူကတော့ ..."

"ဦးပေါ် ..."

"မသိဘူးလို့ ပြောမလို့ ..."

ဦးပေါ်နှင့် တံတိုင်း ဘယ်လိုဆက်စပ်ပတ်သက်မှန်း နွေ မသိပေမယ့် ဦးပေါ် ဆိုသည့် လူကြီးက ဒီပုဂ္ဂိုလ်အပေါ်မှာ ဩဇာလွှမ်းနိုင်ခြင်းမရှိတာကို သဘောပေါက်သွား၏။

ဦးပေါ်က အားနာပြုံးနှင့် ရှေ့ပြန်လှည့်သွားတော့ သူ့မျက်နှာ မှုန်ကုပ်ကုပ်ကို နွေက လှည့်ကြည့်ပြီး မဲ့သည် ။

လူကို ဘယ်လိုမိန်းကလေးမျိုးထင်နေလို့ လဲ။ အတူတူ တစ်ခရီးတည်းကြမယ့်လူတွေမို့ ဒီက စပြီးမီးစိမ်းပြလိုက်တာ၊ နေပေ့ါ ...။

စိတ်ထဲမှာ မကျေနပ်ခြင်းက တော်တောကို ပြင်းထန်သွား၏။

မိနွေ ညည်း ကိုယ့်သိက္ခာနဲ့ ကိုယ် နေစမ်း၊ ညည်းအဖေ သွန်သင်ဆုံး

မထားတာတွေက ပွင့်လင်းတတ်ဖို့ …၊ သိက္ခာမဲ့ဖို့ မဟုတ်ဘူး ။

ကိုယ့်မှာ အမေလည်း ရှိတော့တာမဟုတ်ဘဲနဲ့ မိမဆုံးမ၊ ဖမဆုံးမလို့ အပြောခံရရင် ညည်း ခံနိုင်မှာ လား …။

ဘာလို့ ခံရမှာ လဲ ဟု ကိုယ့်ဘာသာမေးပြီး ကိုယ့်ဘာသာ ဖြေမိသည် ။ ထိုအချိန်မှ စ၍ တံတိုင်း ဆိုသည့် လူကို လုံးဝမေ့ထားလိုက်တာ ဗီဒီယို ရိုက်ခြင်းအလုပ်ကိုပဲ အလုပ်မရှိ အလုပ်ရှာ၍ စိတ်ဝင်စားနေလိုက်သည် ။

ဒီတိုင်းကြီးထိုင်နေပြီး အိပ်ငိုက်နေလို့ လည်း မရ၊ မျက်လုံးကလည်း ကြည့်စရာဘာရှိလို့ လဲ။

ကားက သူ့ခရီးကိုသူ ချောမွေ့စွာ ရှေ့ဆက်နေတာပါ၊ မချောမွေ့တာ က တံတိုင်းနဲ့ နွေးရဲ့ ဆက်ဆံရေးဖြစ်သည် ။

ကားပေါ်မှာ တခြားခရီးသွားတွေကို စကားပြောကြ ဘာညာသည် မ ရှိ၊ ကိုယ်မပြောရရင်တောင် သူများ ပြောကြတာတွေကို ကြားနိုင်သေး သည် ။

ခုတော့ တကယ့်ကို ပျင်းစရာပါလား။ ဗီဒီယိုရိုက်နေရင်း မလိုအပ်ဘဲ ဘက်ထရီဒေါင်းသွားမှာ စိုးလို့ ထိန်းနေရသေးသည် ။

"အား … ညောင်းလိုက်တာ"

ကင်မရာကို ပေါင်ပေါ်မှာ ထောင်ထားလိုက်ပြီး လက်ဆန့်ခါးဆန့်လု ပ်ပစ်လိုက်တော့ အရသာရှိသွားသည် ။ ထိုအခါကျမှ တော်တော်ညောင်း ညာနေပြီမှန်း ကိုယ့်ကိုယ်ကို သိလိုက်၏။

မသိမသာ ငဲ့ကြည့်လိုက်တော့ တံတိုင်း ဆိုသည့် မဟာပုဂ္ဂိုလ်က လ က်ပိုက်လျက်သားနှင့် တောင့်တင်းမတ်မတ်ကြီး အိပ်လို့ ပါ။

တကယ်အိပ်ပျော်နေတာလား မှေးနေတာလား သေချာကြည့်တာ ဘယ်လိုမှ ကြည့်မရဘဲဖြစ်နေ၏။ တိုစိပ်စိပ်မျက်တောင်နက်တို့ က နည်းနည်းလေးမှ မလှုပ်ဘဲ ငြိမ်သက်နေသလို ထူပြည့်သော အပေါ်နှုတ်ခမ်းလွှာတို့ က ထောင့်ချိုးလေးတွေပေါ်နေသဖြင့် နှုတ်ခမ်းထူထူကြီးလို့ ဝေဖန်ခဲ့မိတာပဲ လွန်သွားသလိုလို ...။

မျက်ခုံးနှစ်ဖက်ကလည်း ထူပျစ်ပျစ် နက်နက်ကြီးတွေပါပဲ။ ဒါပေမဲ့ ဒီမျက်ခုံးတွေကြောင့် ခက်ထန်သည့် ရုပ်သွင်ကိုဖြစ်စေကာ နှာတံချွန်ချွန်ကြောင့် ယောက်ျားပီသသလိုလည်း ရှိပြန်၏။

နောက်မှီမှာ အသာလေးကျောကပ်မှီကာ မျက်လုံးတွေကို ရှေ့ပြန်လွှဲလိုက်ရပေမယ့် သူ့မျက်နှာက အာရုံထဲမှာ ပါလာခဲ့သည် ။

ကားပေါ်မှာ ပါသမျှလူတွေနဲ့ ဒီလူက တခြားစီပါ။ ပြီးတော့ ဦးပေါ်ဆိုသည့် လူကြီး ...၊

ဒီလူနှစ်ယောက်က နွေ့ လိုပဲ ရန်ကုန်ကဖြစ်မည်။

ဩော် ... ရုပ်ဆွေရုပ်မျိုးချင်း လာတွေ့ကြတာတောင်မှ ဖော်ရွေမှုမရှိပါလား ...။

မေးပါများ စကားရ တဲ့ ၊

မမေးပေမယ့် ခရီးသွားချင်း ပြောကြ, ဆိုကြ ရှိတော့ ဗဟု သုတရတာပေါ့။ ခုတော့ ခရီးရှည်ကြီးသွားနေရပြီး ပျင်းရိငြီးငွေ့ဖွယ်အတိ။

ကားက ဆင်း, တက်, ကွေ့ပတ်တွေ့ပြီး မောင်းနေသဖြင့် ပုခက်လွှဲသလိုဖြစ်နေကာ ကားစီးရင်း အိပ်ပျော်ခဲတတ်သော နွေတစ်ယောက် ဘယ်လိုမှ မထင်မှတ်ဘဲ မှေးခနဲအိပ်ပျော်သွားခဲ့၏။

"ဟိတ် ... ဟိတ် ထလေ"

"ဟင် …"

မျက်နှာတစ်ခုလုံးကို ကိုင်လှုပ်သလိုဖြစ်သွားသဖြင့် နွေ ဖျတ်ခနဲလန့် နိုး၏။ မျက်လုံးဖွင့်ကြည့်လိုက်တော့ ယိုယွင်းပျက်စီးနေသော တဲစုတ်လေးတစ်လုံးသာရှိပြီး လူလည်း တစ်ယောက်မှ မရှိသောနေရာမှာ ကားက ရပ်လျက် …

"ဒါ ဘယ်ရောက်တာလဲဟင် …"

သူ့ကို မာနကြီးဖို့ ခဏမေ့သွား၏။ ပြီးတော့ သူ့ပခုံးပေါ်မှာ ငိုက်ကျသွားသည့် ကိုယ့်ခေါင်းကို ပခုံးနဲ့ မညှာမတာကိုင်လှုပ်ပြီး နှိုးတာကိုလည်း သတိမရလိုက်ပေ။

လူတချို့က ဆင်းနေကြတာဖြစ်ကာ တချို့က ဒီတိုင်းပဲထိုင်နေကြတာကို နွေ စိတ်ဝင်စားသွား၏။ သူက ဘာမှ မပြောဘဲ တံခါးပေါက်ဘက်ကို မျက်နှာငုံ့၍ စပယ်ယာကို လက်ခုပ်တီးခေါ်လိုက်သည် ။

"တံခါးဖွင့်ဦးလေဗျာ"

"ဟာ … ဟုတ်သား၊ လာ … လာ … ရပြီ"

"ခင်ဗျားတို့ ကားကလည်း အဲဒီလို အပြင်က တံခါးဖွင့်မှ ရတာ သိပ်မဟုတ်သေးဘူး"

"အေးဗျာ …၊ ဒီဘက်မှာ ကားတွေက စကောစကဆိုတော့ နောက်ပိတ် တစ်ပေါက်တည်းကနေ တက်ဖို့ ဆင်းဖို့ က မလွယ်ဘူးလေ၊ အဲဒါကြောင့် အလယ်ကန့်ပြီး ဒီလိုတွေလုပ်ထားရတာ"

စပယ်ယာက သဘောကောင်းပါသည် ။ သူပြောတာကို သေချာရှင်းပြသွားသေး၏။

"မင်းက ဆင်းလေ၊ ဘာလုပ်နေတာလဲ"

"ဟင် ...ဒီကကို ပြောတာလား"

"ဟုတ်တယ်၊ မင်း မဆင်းဘဲ ငါကဘယ်လိုလုပ်ဆင်းမလဲ"

"အဲဒါလည်း စပယ်ယာ သွားမေးလေ၊ ကားက ခြေနင်းပြားရှိတာ မဟုတ်ဘူး ၊ တက်တာတောင်မှ အိမ်မြှောင်ကို ဆရာခေါ်ပြီး တွားတက်ရတာ"

နွေ့က စိတ်ထဲရှိတဲ့ အတိုင်း ပြောတာပါ၊ ဘာလုပ်ဖို့ ဆင်းတက်ကြနေကြတာကိုသိတော့ ကိုယ်လည်း ဆင်းဖို့ တော့သင့်တာကို တွေးမိသည် ။

ဒါပေမဲ့ ယောကျ်ားတွေချည်းဆင်းသွားကြတာကိုမြင်ကာ ချုံခိုစရာနေရာက အနီးအနားမှာ သိပ်မရှိပေ။ ဗာဟီရများ တတ်သည့် ကိုယ့်အတွက် မလွယ်နိုင်မှန်း တွက်မိ၏။

သို့သော် တံတိုင်းကတော့ ဒီကောင်မလေး ကန့်လန့်တိုက်ပြန်ပြီဟုသေချာတွက်လျက် ...

"ဒီလောက်အဝေးကြီးထွက်လာတာ၊ ရှေ့မှာ လည်း ဘယ်လောက်ကြာမှ ရပ်မယ်မှန်းမသိဘူး၊ မင်း လုံးဝမဆင်းဘူးပေါ့"

"မဆင်းဘူး"

လို့ ပြောစဉ်မှာ နွေ့ အသံလေး လေးတိလေးကန်ဖြစ်သွား၏။ စောစောက ငြိမ်သက်သလိုနေခဲ့ကြသည့် ခရီးသည် အားလုံး ခုမှ လှုပ်လှုပ်ရွရွဆင်းနေကြတာကိုမြင်တော့ အံ့လည်း အံ့သြသွားသည် ။

ဒါပေမဲ့ သူတို့ ချင်းက မိတ်ဆွေ၊ အဖော်အလျော်တွေနဲ့ ...

"တောက်"

တံတိုင်း ဒေါသဖြစ်သွားတာ ထိန်းလို့ မရချင်။ အစွန်အဖျားမှာ ထိုင်ပြီး ဒီလိုကျောက်ချနေလို့ ရမလား။

ကိုယ့်မှာ သူ့ကိုတိုးတိုက်ပြီးဆင်းဖို့ ကျတော့ ခေါင်မိုးနဲ့ မတိုက်အောင် ငုံ့လိုက်တာနှင့် သူမနဲ့ မျက်နှာချင်းဆိုင်တိုက်မိဖို့ က ကိုးဆယ်ရာခိုင်နှုန်း ဖြစ်နေသည် ။

ခြေချစရာမရှိတာကို ဘယ်ကနေ ဘယ်လိုကျော်ထွက်မလဲ၊ ဒူးချင်းပေါင်ချင်း ပွတ်ကပ်တိုးတိုက်ထွက်တာတောင် ကားအောက်ကို ဟန်ကျပန်ကျဆင်းနိုင်ဖို့ မလွယ်။

ထိုအခါ သူမ မဆင်းဘဲနှင့် သူ ဘယ်လိုမှ ထွက်လို့ မရနိုင် ဟူသော အဖြေက တိကျစွာထွက်လာ၏။

ပြန်ကြည့်လိုက်တော့ ကားပေါ်မှာ အဘိုးကြီးတစ်ယောက်ပဲကျန်တော့သည် ။

"ကဲ ... မင်း မဆင်းရင် ဘောလုံးကန်သလို ကန်ချဖို့ ပဲရှိတယ်၊ မင်းဆင်းမှ ငါဆင်းရမှာ ၊ ဘယ်လိုလဲ"

ဒါလည်း ဟုတ်သည် ဟု တွက်မိကာ ခေါင်မိုးနိမ့်နိမ့်နှင့် ကားကိုမော့ကြည့်၍ နွေ့ မျက်နှာလေး ရှုံ့မဲ့မဲ့ဖြစ်သွား၏။

'ခင်ဗျား မတ်တတ်ရပ်လိုက်၊ ဒီက ဒီဘက်ရွှေ့ပေးမယ်' လို့ ပြောရအောင်ကလည်း သူ မတ်တတ်ရပ်လိုက်တာနှင့် ကိုယ်က သူ့ခြေထောက်ကြားထဲ တိုးဝှေ့ဝင်သလိုဖြစ်ဦးမည်။

"ဒီက ဘယ်လိုလုပ်ဆင်းမလဲ"

"ဟ ... ကြံဖန်ဆင်းပေါ့၊ မင်း ခရီးဆုံးထိ ဒီတိုင်းထိုင်နေနိုင်လဲ၊ ဆင်းရမှာ ပဲ၊ မြန်မြန်လုပ်ကွာ"

နွေက ကိုယ်လေးကိုတံခါးဘက်အရင်ရွှေ့သည် ။ ကျောပိုးအိတ်ကို နေရာမှာ ချခဲ့ကာ ကင်မရာကို တစ်ဖက်ကကိုင်ပြီး ပွင့်နေသည့် တံခါးကို လှမ်းဆွဲလိုက်၏။

တံခါးကိုအားပြုပြီး ဒီတိုင်းခုန်ချဖို့ ပဲရှိသည် ။ သိပ်မမြင့်ဘူးဆိုတော့ ခြေထောက်တွေ ဘာတွေ ထိခိုက်ဖို့ တော့မရှိနိုင်။

"ကင်မရာက ဘာလုပ်တာလဲ၊ လက်မအား၊ ခြေမအားနဲ့ ... ကျွတ်"

စိတ်မရှည်တတ်သည့် သူ့ပုံစံက အမြင်မတော်လွန်းလို့ ပြောမိနေရပြီး ပြောကိုမပြောချင်တော့သလိုမျိုး ...။

"ဟုတ်တယ်၊ ပြီးတော့မှ လှမ်းယူလို့ ရတာပဲ"

မယ်မင်းကြီးမလေးက သူ့စကားကြောင့် အကျွတ်တရား ရသွားတာ မဟုတ်ဘဲ ကိုယ့်စိတ်ကူးနဲ့ ကိုယ် ဆုံးဖြတ်လိုက်တာဖြစ်သည် ။ ကင်မရာကို လွယ်အိတ်ပေါ်မှာ တယုတယချထားလိုက်ပြီးမှ တံခါးကို တစ်ဖက်ကလှမ်းကိုင်ပြီး ခြေတွဲလွဲချထားလျက်နှင့် ဒီတိုင်းခုန်ချလိုက်၏။

"အ ..."

အကျမတော်တော့ မြေပြင်ပေါ်ကို မတ်တတ်အကျမှာ ညွတ်ခနဲ ယိုင်သွားပြီး ညည်းသံလေးပေါ်လာသည် ။ တံတိုင်း က ဂရုစိုက်မနေပါ။

ခေါင်းငုံ့ရင်း ကားပေါ်ကနေ လှားဆင်းသည် ။ ကိုယ့်ကိစ္စကို အမြန်ဆုံးပြီးစီးအောင်ရှင်းပြီး ပြန်လာခဲ့တဲ့ အထိ ဆရာမက မူလနေရာနှင့် သိပ်မကွာလှသည့် နေရာမှာ ရပ်နေဆဲ ...။

"မိန်းကလေး ဘာဖြစ်လို့ လဲ"

"ဟိုလေ ... ကားပေးကဆင်းလိုက်တော့ ခြေထောက်နာသွားလို့ ..."

"ဩော်ကွယ် ... ဟုတ်ပြီပေါ့၊ ကားက တန်တန်မြင့်တာကိုး၊ ဘယ်လို လဲ၊ အခင်းသွားပြီးပြီလား"

"ရှင် ..."

"ချုံတိုးပြီးပြီလားလို့ "

နှစ်မျိုးစလုံးကို နားမလည်ပေမယ့် ဘာကိုမေးတာမှန်း နွေ က ရိပ်မိ ကာ ...

"ဟုတ် ..."

"ကိုင်း ... လူစုံရင် ထွက်မယ်ဗျို့ "

"ဟော ... ဟာ ..."

အေးအေးဆေးဆေးခြေလှမ်းတွေ ခပ်လောလောဖြစ်ကုန်ကြ၏။ နွေ့ ကို ကြည့်ပြီး တွဲတော့မလို၊ ထူတော့မလို ဖြစ်သွားသူတွေလည်း တစ်ချ က်ပဲပြန်ကြည့်ပြီး လှည့်ထွက်သွားကြသည် ။

အမျိုးသား၊ အမျိုးသမီး ရောနေသည့် အများ စုက နောက်မှာ ပဲစီးကြတာမို့ သူတို့ တွေ တန်းစီတက်နေကြတုန်းမှာ ရှေ့ခုံနှစ်တန်းက ယောကျ်ားတွေကတော့ အားလုံး ကားပေါ် ရောက်သွားကြပြီဖြစ်သည် ။

နွေက တံခါးပွင့်နေသည့် ဘေးထိရောက် လာပြီးကင်မရာကိုလည်း နေရာမှာ လှမ်းတင်လိုက်ပြီးပြီပေမယ့် အလွယ်တကူ မတက်နိုင်။

စပယ်ယာ မြင်သွားလျှင် ဟိုကိုင် ဒီကိုင်နှင့် တွဲတင်လိုက်မှာ စိုးကာ ကိုယ့်ဘာသာ အားတင်းပြီး ကားပေါ်ရောက်အောင်တက်လိုက်၏။

"အား ... ဆောရီး"

"ဟား ..."

အပေါ်ရောက်ကာမှ ခြေမထောက်နိုင်အောင်နာကျင်ကာ ခုံပေါ်ပစ်ကျသွားသဖြင့် တံတိုင်း ရင်ခွင်ထဲကို တည့်တည့် ...။

ဘာရယ်မဟုတ်ဘဲ လက်နှစ်ဖက် ထိန်းကိုင်လိုက်ပြီးသားဖြစ်သားသောကြောင့် သူမကို ပွေ့ထားလိုက်သလိုဖြစ်သွားခဲ့သည် ။

"ဆောရီး ... တကယ် ... တကယ်ပါ ... အား ..."

ခြေထောက်ကို ညှာလိုက်လို့ သူ့ရင်ခွင်ထဲထိ ယိုင်ကျသွားခြင်းဖြစ်သည် ။ ဒါကို ရှင်းမပြနိုင်သေးဘဲ ပါးစပ်ကတောင်းပန်ရင်း ရုတ်တရက်လည်း ထလို့ မရ။

တကယ်ဖြစ်နေရှာမှန်းသိတော့ ဘေးလူတွေ လှမ်းကြည့်နေတာကို မျက်နှာပူပေမယ့် တံတိုင်း ဒီတိုင်းပဲ ထိန်းထားပေးလျက် ...

"ဘာဖြစ်သွားလို့ လဲ"

စောစောက မိန်းမကြီးတစ်ယောက် မေးနေတာကို ကြားပြီးပါပြီ။

ဒီလောက်ထိဖြစ်သွားတာလို့ မထင်။ ပြောရမယ်ဆို ကိုယ့်ကြောင့် မဟုတ်သည့် တိုင် ကိုယ့်အပြစ်မကင်းဘူးထင်သည် ။

သူမမျက်နှာလေးက ရှုံ့မဲ့လျက်၊ လက်နှစ်ဖက်ကိုအားပြု၍ ကိုယ့်နေရာကိုပြန်ထိုင်ဖို့ ကြိုးစား၏။ ထိုအခါ သူမလက်တစ်ဖက်ကို ထိန်းကိုင်ထားမိရင်း သတိရတော့ ဖျတ်ခနဲပြန်လွှတ်ကာ အားနာသလိုလို၊ မျက်နှာပူသလိုလို ...

သူမက မိန်းကလေး၊ တော်ကြာ ဒုက္ခရောက်နေတာကို အသားယူတ

ယ်ထင်သွားနိုင်၏။

"ခုနကလေ ဒီပေါ်ကဆင်းလိုက်တာ နိမ့်နိမ့်လေးဟာကို ဘာဖြစ်သွားမှန်းမသိဘူး"

"မင်း ဘယ်မှ မသွားလိုက်ရဘူးလား"

"ဟင် ... ဘယ်လဲ"

ဟု မေးပြီးမှ သဘောပေါက်သွားကာ နှစ်ယောက်စလုံး မျက်နှာတွေ နီသွားကြ၏။

"သွားတယ်၊ ပြန်လာမှ ပိုဆိုးသွားတာ၊ ဒါပေမဲ့ လမ်းလျှောက်တော့ သိပ်မဆိုးပါဘူး၊ နာတဲ့ ခြေထောက်ကို အားပြုလို့ မရတာ"

နာပါတယ်ဆိုမှ အားပြုလို့ ရမလား၊ သိချင်တာက နောက်တစ်ခါ ဆင်းလိုက်တက်လိုက်ရင် ဒီထက်ပိုဆိုးနိုင်မလားဆိုတာ ...

"လူစုံပြီနော်"

"ရပြီ ဆရာ ... ဆွဲ ..."

ဒရိုင်ဘာနဲ့ စပယ်ယာ၏ စကားသံတွေအဆုံးမှာ ကားက စတင်ရွေ့ လျားလေသည် ။

နွေက နေရာတကျထိုင်ပြီးမှ ကင်မရာလေးကို နှစ်ယောက်၏ အလ ယ်မှာ ချထားလိုက်ကာ ...

"ဟိုရှေ့က အန်ကယ်ပေါ်ရော ..."

"ဆင်းသွားပြီ"

"ဟင် ..."

သူမ လုံးဝမသိလိုက်ပေ။ ဘယ်ရောက်လို့ ဘယ်မှာ ဆင်းသွားမှန်းတောင်မသိလောက်အောင် အိပ်ပျော်သွားမှန်းသိတော့ ကိုယ့်ကိုယ်ကို အံ့ဩမိသည် ။

ဒီလောက်ထိ သူမ မအိပ်ခဲ့ဖူးပါ။ အထူးသဖြင့် ခရီးသွားတုန်းဆို မအိပ်တတ်ခြင်းပင်။ တံတိုင်း ကတော့ ခုနက သူ ဘာမှ ပြောဆိုခဲ့တာမရှိသလို ခရီးအစမူလအတိုင်း မျက်နှာတည်တည်နှင့် တိတ်ဆိတ်စွာပြန်ဖြစ်သွား၏။

ဆုံးဖြတ်ထားပြီးသည့် အတိုင်း နွေ ကလည်း စကားပြောဖို့ မကြိုးစားတော့ပါ။ ခြေထောက်ကို ဖိကြည့်လိုက်၊ ဆုပ်ကြည့်လိုက်နှင့် အလုပ်တစ်ခုရနေသည် ။

ကားက ခရီးအတော်ပေါက်လာသလို နေမင်းကြီးက ထိပ်ဆုံးထိပြေးတက်ပြီးတာတောင် မာန်မလျှော့ချင်။

မွန်းလွဲနေခြည်ဟု မထင်ရလောက်အောင် သူ့ရဲ့ စွမ်းပကားတွေ ထုတ်လွှင့်နေဆဲ။ တောင်ပေါ်သားတွေ ပူလောင်အိုက်စပ်လှသည် ဟု ညည်းညူသံတွေထွက်လာကြစဉ်မှာ တံတိုင်း နှင့် နွေ ကတော့ အေးအေးလူလူပါ။

တောရိပ်တောင်ရိပ်နှင့် အေးချမ်းလှသည် ဟု ပင်ထင်၏။ ရန်ကုန်မှာ ဆို နေပူပြီဆိုတာနှင့် ပူအိုက်စပ်လောင်နေတာ မခံနိုင်။

မြင်ကွင်းတွေ လှလှပပဖြစ်လာတော့ နွေ က ကင်မရာကိုပြန်ဖွင့်၍ တံတိုင်း က မျက်လုံးစွေကြည့်လိုက်ပြီး မသိမသာမဲ့၏။

'ကျိုးဆော့၊ ကန်းမော့'ဆိုတာ ခုမှ ပဲ မြင်ဖူးတော့သည် ။ ဧကန္တ ဒီလိုသားသမီးကိုမွေးခဲ့သည့် မိခင် မင်္ဂလာဦးညမှာ အိပ်မက်ဆိုး မက်သွားခဲ့

သည် ထင်၏။

ကိုယ့်အတွေးထဲမှာ ဖြစ်ရင်း ပြုံးလိုက်စဉ် ကားက လမ်းလယ်ကောင် မှာ ရပ်တန့်သွားသည် ။

"ဘာလဲဟေ့"

"ဘာတုံးဟ"

"တောင်ပြိုတယ် ထင်တယ်"

"မဟုတ်လောက်ဘူး၊ သစ်ပင်လှဲနေကြတာ"

ခရီးသည် တွေ ခေါင်းပြုကုန်ကြသည် ။ စပယ်ယာက ကားပေါ်က နေ ဖြုတ်ခနဲခုန်ချလိုက်ကာ ...

"ဘာဖြစ်ဖြစ် တိတ်တိတ်လေးနေကြ၊ ဟိုကောင်တွေ ပြဿနာရှာ နေကြတာ"

"ဟေ ..."

ဒေသခံလူတချို့ကတော့ နားလည်ကြသည် ထင်သည် ။ မျက်လုံး တွေ ပြူးကုန်ကြ၏။

တချို့က ရှုံ့မဲ့ကုန်ကာ ဘုရားတ, တဲ့ သူတွေလည်း ရှိသည် ။

စပယ်ယာနဲ့ ဒရိုင်ဘာ ခေါင်းချင်းရိုက်တော့ နွေက ထိုင်ရာကနေ ရှေ့ကို ကုန်းကွလေးဖြစ်အောင် ချောင်း၏။

ဒီဘက်ကိုပြန်ကြည့်လိုက်တော့ တံတိုင်းက နောက်မှီမှာ ခပ်တောင့် တောင့်ကျောကပ်လျက် အေးအေးဆေးဆေး။

"ဒီမှာ တံတိုင်း"

"ဘာ ..."

တံတိုင်း က ဖျတ်ခနဲလှည့်ကြည့်၍ ဒေါသဖြစ်သွားသည့် မျက်နှာနှင့် ...

"မင်း ဘယ်လိုခေါ်လိုက်တာလဲ"

"ဩော် ... ခင်ဗျားကြီးမှန်းသိပါတယ်"

"ဟော့ ..."

"အသက် ... အသက် ..."

ကမန်းကတန်းပြန်ရှင်းပြရင်း နွေ့ မျက်နှာလေးလည်း နီမြန်းသွားသည် ။

"တံတိုင်းဆိုတဲ့ နာမည်လေးက လှလို့ ဖွဲ့ခေါ်ရမှာ နှမြောလို့ ပါ၊ ခေါ်မိသွားတယ်ဆိုရင်လည်း ဒီက ငရဲကြီးမှာ ၊ ခင်ဗျားနဲ့ မှ မဆိုင်တာ"

ပြောလိုက်တိုင်း သူမဘက်မှာ ဥပါဒ်လွတ်၊ ပြီးတော့ ရှေ့မြင်ကွင်းကို မေးဆတ်ပြ၍ ...

"ဟိုရှေ့မှာ ကားတစ်စီးနဲ့ လူတွေ ဘာဖြစ်နေကြတာလဲဟင်၊ သစ်ပင်ကြီးက လဲနေတာလား၊ လှဲထားတာလား"

"သိချင်ရင် သွားမေးကြည့်လေ၊ မင်းလိုပဲ ငါလည်း ဒီမှာ ထိုင်နေတာ၊ ဒီနားကို အတူတူရောက်လာကြတာပဲ၊ မင်းမြင်သလောက်ပဲမြင်မှာ ပေါ့"

"ခင်ဗျားကလည်း သူများ လို လူပုစိတ်တို မဟုတ်ဘူး နော်၊ လူက တော်တော်ရှည်သားနဲ့ တိုနေတာ"

"ဟာ ... မင်း ... မင်း စကားပြောလိုက်ရင် ဘာလဲ"

"ဘာမှ မလဲဘူး၊ ဘာပြောပြော မတည့်ဖို့ ချည်းပဲဖြစ်နေတာ၊ မပြော

တော့ဘူး"

"ကျေးဇူးတင်တယ်"

နွေက သူ့မျက်နှာဆီကိုမရောက်သည့် မျက်စောင်းတစ်ချက်နှင့် တံခါးကို သူမဘာသာ လက်ထုတ်၍ ဖွင့်နေသည် ။

စပယ်ယာကိုင်တွယ်တာကိုမြင်လိုက်တာမို့ သိပ်မခက်ခဲလိုက်ပေ။ စပ်စုမယ်၊ စပ်စုချင်လို့ ခရီးထွက်လာတာ၊ ဘာဖြစ်လဲ။

ကိုယ့်ဒေါသနဲ့ ကိုယ် ကားအောက်ကိုရောက်တော့ ခြေထောက်က နာနာကျင်ကျင် ဒုက္ခပေး၏။ ထို့ပြင် အောက်ဆင်းနေကြပြီဖြစ်သည့် လူကြီးလေး, ငါးယောက်နှင့် ဒရိုင်ဘာအုပ်စုက လှည့်ကြည့်လိုက်ကြပြီး မျက်လုံးတွေပြူးသွား၏။

"ဟာ ... ဘာဆင်းလုပ်တာလဲ၊ ဟိုမှာ ပြဿနာတက်နေတုန်းမို့လို့နော်၊ မဟုတ်ရင် မင်း လွယ်မှာ မဟုတ်ဘူး "

စပယ်ယာက ဟိုကမကြားနိုင်သည့် အကွာအဝေးမှာ တောင် အံကြိတ်ပြီး ခပ်တိုးတိုးပြောသည် ။

"ဘာဖြစ်လို့ လဲဟင်၊ အဲဒါကိုသိချင်လို့ ..."

ကြောက်ရွံ့သလိုလိုနှင့် နွေ ကနောက်ကိုနည်းနည်းမှ မဆုတ်။ မြင်ကွင်းကို စိတ်ဝင်စားသည့် မျက်လုံးများ နှင့် လှမ်းငေးကာ ခြေလှမ်းပြင်နေ၏။

လူခြောက်ယောက်၊ ခုနစ်ယောက်လောက်ရှိမည်ဖြစ်ကာ အားလုံးသန်မာထွားကျိုင်းကြသည် ။ လက်နက်နှင့် တူသည့် အရာတွေကို ကိုင်ထားကြမှန်းသိပေမယ့် ဓားတွေလား၊ တုတ်တွေလားမသိ။

သိပ်မကြီးသော်လည်း အကိုင်းအခက်တွေဖြာနေသည့် သစ်ပင် တစ်ပင်က လမ်းပေါ်မှာ ကန့်လန့်ဖြတ်လဲနေသည် ။

ပြောပုံအရဆို တမင်တကာ လမ်းပိတ်ဖို့ လှဲထားတာဖြစ်သည် ။ ရပ်ထားရသည့် ကားက နွေ တို့ ကားထက် နည်းနည်းလေးကြီးကာ လူသိပ်မပါဘဲ ကုန်တွေကများ ၏။

သူတို့ ကြည့်နေတုန်းမှာ စစ်နေသည့် လူတွေထဲမှ တစ်ယောက်က ဒီဘက်ကိုလှမ်းကြည့်၏။

ကားတစ်စီးလုံးကို ပိုက်စိပ်တိုက်ရှာနေကြတာတောင် တော်တော်နှင့် မပြီးနိုင်ပေ။ ဟိုကားမှာ ရှာနေတုန်း ဒီဘက်ကို လူသုံးယောက်လျှောက်လာသည် ။

ဝတ်ထားတာက တိုင်းရင်းသားဝတ်စုံမျိုးလည်း မဟုတ်။ မြန်မာတွေ မဟုတ်မှန်းလည်း သိသာ၏။ ထို့ပြင် မည်းတဲ့ လူတွေရော၊ ဖြူတဲ့ လူတွေရော ပုံစံတွေက မတူ။

စောစောကလူကြီး ပြောသလို ဒီနေရာတွေမှာ တိုင်းရင်းသားလူမျိုးတွေ သူ့အုပ်စုနဲ့ သူ  မနီးမဝေးလာနေကြတာတွေရှိတယ်ဆိုတာ ဟုတ်ပေမည်။

နွေက ရှေ့ဆုံးကနေ နောက်ဆုံးကလူထိ ကြည့်သည် ။ ပြီးတော့ ကျန်ခဲ့တဲ့ လူတွေဆီ လှမ်းကြည့်ပြီးမှ ကိုယ့်ရှေ့ရောက်နေပြီးဖြစ်သည့် လူတွေဆီ မျက်လုံးက ပြန်ရောက်၏။ သူမကိုပဲ စူးစိုက်ကြည့်လာသည့် တစ်ယောက်ကလည်း မျက်လုံးတစ်ချက်မှ မလွှဲပေ။

သူတို့ နှစ်ယောက်ကို အကဲခတ်မိလိုက်သည့် လူကြီးမှာ ကိုယ့်ကားပေါ်က မိန်းကလေးမို့ နွေ့ အတွက် စိုးရိမ်မကင်းဖြစ်သွားကာ အချင်းချ

င်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည် ။

စပယ်ယာကတော့ အသည်းယားနေလေသည် ။ နွေ့ ပုံစံက ဘာကိုမှ အကြောက်အရွံ့ မရှိသလိုပင်။

ဒီနေရာမှာ ပြောမှားဆိုမှားဖြစ်လို့ မရဘူးဆိုတာ သူတို့ ထက် ဘယ်သူပိုသိမှာ လဲ။

မိန်းကလေးတွေဆို ဒီလိုနေရာမျိုးတွေမှာ သတိလစ်မတတ် ကြောက်တတ်ကြတာ၊ ဒီကောင်မလေးကျမှ မျက်ကန်းတစ္ဆေ မကြောက် ...။

"ဟိတ် ... ကားပေါ်ကလူတွေဆင်း .... ဘာလုပ်နေတာလဲ"

"မင်း ဘာလုပ်နေတာလဲ၊ မသိဘူးလား"

တစ်ယောက်က ကားဆီကို လှမ်းအော်၏။

တစ်ယောက်က ဒရိုင်ဘာကိုသိနေသလိုမျိုး မျက်နှာကို တည့်တည့်ကြည့်ပြီး မာန်မဲ၏။

"သိပါတယ် ညီလေးရာ၊ ခုပဲပြောပြနေတာပါ၊ ကဲဗျာ ... အားလုံးပဲ ပစ္စည်းတွေထားခဲ့ပြီး ဆင်းပေးလိုက်ကြပါ"

ပြောလို့ မဆုံးခင်မှာ ရှေ့ခန်းကယောက်ျားတွေပါ တဖြုတ်ဖြုတ်ဆင်း လာကြ၏။

ခရီးသည် တွေထဲတွင် ဖြူဖြူချောချောလေးတွေဖြစ်သည့် တံတိုင်းနှင့် နွေ့တို့ ၏ မျက်နှာပုံစံ၊ ဝတ်စားပုံက အစ တောင်ပေါ်သားတွေနှင့် မတူဘဲ ထင်းထင်းလေးဖြစ်နေကြသဖြင့် သူတို့ ကလည်း နွေ့တို့ နှစ်ယောက်ကိုပဲ သတိထားမိသွားကြ၏။

တံတိုင်းနဲ့ နွေ့ ရပ်နေကြတာ အတူတူတွဲလျက်မဟုတ်ဘဲနှင့် နှစ်

ယောက်ကိုပဲ ဝေ့ဝဲကြည့်၍ ...

"နင်တို့ နှစ်ယောက်က ဘယ်ကလဲ"

"ဟင် ..."

နွေ့ အံ့ဩသွားကာ တံတိုင်း ကို လှမ်းကြည့်လိုက်မိ၏။ တံတိုင်းက ကားနားမှာ ပါ။ တစ်ယောက်နဲ့ တစ်ယောက် သုံးကိုက်လောက်ကွာနေ တာကို ...၊

"မေးနေတာ ကြားလား"

"ဒီက ..."

"ရန်ကုန်က ..."

နွေ့ မဖြေရသေးခင် တံတိုင်း ဖြေလိုက်သဖြင့် မေးသူက တံတိုင်းကိုပဲ ကြည့်ကာ ...

"ဘယ်သွားမှာ လဲ"

တံတိုင်းက တော်တော်နဲ့ မဖြေဘဲ ထိုသူကိုစိုက်ကြည့်၏။

ပြီးမှ ...

"အပန်းဖြေခရီးဆိုတော့ ဘယ်ရယ် မဟုတ်ဘူး ။ စိတ်ဝင်စားတဲ့ နေရာမှာ နားမှာ "

ဖြေပုံကို သဘောမကျသည့် မျက်နှာနှင့် နောက်ကနှစ်ယောက်ကို တိုင်ပင်သလိုလှည့်ကြည့်၏။

ကားပေါ်ကလူအားလုံး ဆင်းလိုက်ကြသဖြင့် တစ်နေရာတည်းမှာ စုစုရုံးရုံးဖြစ်သွားသည် ။

ဟိုဘက်မှာ ကျန်သည့် လေးယောက်ထဲက နှစ်ယောက် ထပ်ရောက်လာပြီး ကားပေါ်ကိုရှာကြ၏။

"စိတ်မရှိပါနဲ့ နော်၊ မေးကြည့်ချင်လို့ "

ဒရိုင်ဘာက စကားစလိုက်ပြီး ခပ်ပြုံးပြုံးနှင့် မျက်နှာချိုသွေးကာ ...

"ညီလေးတို့ မှာ ဘာပြဿနာရှိလို့ လဲ"

"ငါတို့ သေချာထုထားတဲ့ သဲဘုရားသုံးဆူ ပျောက်သွားတယ်"

'သဲဘုရား'ဟု တိုးတိုးလေးရွတ်ကြည့်ရင်း နွေ စိတ်ဝင်စားသွား၏။ သဲဘုရားက ရွှေဆင်းတုလည်း မဟုတ်၊ ကြေးဆင်းတုလည်း မဟုတ်ဘဲ ...

"အဲဒီ ဘုရားသုံးဆူက ဝါတွင်းတုန်းက တစ်ခါ အခိုးခံရတယ်၊ အခု တစ်ခါ ပြန်ခိုးတာ၊ မိလို့ ကတော့ သေအောင်သတ်ပစ်တော့မယ်"

ကိုင်ထားသည့် ဓားပြားကြီးကို ထောင်ပြပြီး အထွားဆုံးလူက ကြိမ်း၏။

"အဲဒီ သဲဘုရားက အဖိုးတန်လို့ လားဟင် ..."

နွေ က ဝင်မေးလိုက်သဖြင့် မျက်လုံးတွေ သူမဆီရောက်သွားကြ၏။ ပြောပြနေသည့် ခေါင်းဆောင်နှင့် တူသူသည် ဒေါသတကြီးလှည့်ကြည့်ပြီးမှ မိန်းကလေးမှန်းသိလိုက်တော့ မျက်ဝန်းတွေကျဉ်းမြောင်းသွားတဲ့ အထိ စိုက်ကြည့်သည် ။

ထို့ပြင် နွေ ကိုင်ထားသည့် ကင်မရာကို မျက်လုံးရောက်သွား၏။

"ဒီလိုကွယ့်၊ သူတို့ လင်မယားက ညားခါစဇနီးမောင်နှံပါ"

အယ် ...၊ နွေ မျက်လုံးလေးဝိုင်းသွား၏။

ပြောလိုက်သည့် လူကြီးက စောစောကစိတ်လိုလက်ရ ရှင်းပြနေသည့် လူကြီးဖြစ်သည် ။

"ဟို ... အဲ ... တစ်ယောက်က စာရေးဆရာ၊ မိန်းကလေးကတော့ ဓာတ်ပုံရိုက်တာကို ဝါသနာပါတယ်၊ ဒီနယ်မြေအကြောင်း မသိတာတွေ ဦးကိုမေးမြန်းရင်း တစ်လမ်းလုံး စကားပြောဖြစ်လာကြတာ"

တံတိုင်း မျက်လုံးတွေ နွေ့ ဆီ တစ်ချက်ဝေ့၏။

ဒါပေမဲ့ သူလည်း နှုတ်ဆိတ်နေသလို နွေ့ ကလည်း ဘာမှ မပြောဘဲ နေလိုက်သည် ။

လူငယ်တွေမို့ အပြောအဆိုမတတ်လျှင် ပြဿနာရှုပ်သွားမှာ စိုးပြီး စေတနာနှင့် ဝင်ပြောပေးနေတာမှန်းလည်း နှစ်ယောက်စလုံး နားလည်ကြ၏။

သို့သော် မျက်နှာတွေ အမူအရာမပျက်ရအောင်ထိန်းနေရတာ တော်တော်ပင်ပန်းသည် ။

ဘာမှ မသိသည့် အပြင် လမ်းမှာ ဘုဘောက်ကျလာကြတာ တစ်ကားလုံးသိ၏။

ဒီလူတွေကတော့ ယုံသွားသည် ထင်သည် ။

တစ်ယောက်နဲ့ တစ်ယောက် ပြန်ကြည့်ပြီးတော့ ငြိမ်သွား၏။ ပြီးမှ ပြန်လှည့်၍ ...

"နင်က သူတို့ ကို ရိုးသားတယ်လို့ အာမခံနေတာလား"

"ဒီလမ်းကို သွားလာနေကျမဟုတ်တာကို ပြောပြတာပါ။ ဒီမှာ ရှိတဲ့ လူအားလုံးကို မောင်ရင်တို့ စိတ်ကြိုက် စစ်ဆေးရှာဖွေလို့ ရတာပဲ၊

ရှာပါ"

လူကြီးက တစ်ကားလုံးမှာ သူပဲ အကြီးအကဲ ခေါင်းဆောင်ဖြစ်သလို ခံ့ညားစွာရပ်တည်၏။

တိုင်းရင်းသားသုံးယောက်၏ အဓိကလူက ဒရိုင်ဘာနဲ့ စပယ်ယာ မ ဟုတ်တော့ဘဲ ဒီလူကြီးဖြစ်သွားသည် ။

ကားပေါ်ကဆင်းပေးရသည့် လူတွေမှာ လည်း ကိုယ် ဘာမှ မဟုတ် ပေမယ့် ဓားတွေ၊ တုတ်တွေ တယမ်းယမ်းနှင့် ကားပေါ်မှာ ပစ္စည်းတွေ ကို လှန်လှောစစ်ဆေးနေတာ မပြီးမချင်း ရင်တထိတ်ထိတ်ဖြစ်နေကြ၏ ။

ကိုယ်မဟုတ်သည့် တစ်ယောက်ယောက်၏ အထုပ်အပိုးထဲမှာ သူတို့ ရှာတဲ့ ပစ္စည်းကို မိသွားလို့ ကတော့ ပြဿနာကသည်သာစွာ ပြီးဆုံးဖို့ မ လွယ်။

"မတွေ့ဘူး ဂျမ်း၊ အားလုံး စေ့စပ်တယ်"

စေ့စပ်တယ်ဆိုတာ အားလုံးကို သေချာစေ့စပ်အောင်ရှာပြီးပြီလို့ လွ ယ်လွယ်ပြောတာ ဖြစ်၏။

ဒါပေမဲ့ ရပ်နေသူတွေကို တစ်ယောက်ချင်း လိုက်ကြည့်နေသည့် လူ မည်းတစ်ယောက်က မကြည်မလင်ရှိနေဆဲ၊ အထူးသဖြင့် သူ့မျက်လုံးက နွေ့ ကိုယ်ပေါ်မှာ ...

နွေ ကလည်း သူမကိုပဲ ထိုသူကြည့်နေတာကိုသိကာ မျက်ခုံးလေးန စ်ဖက် တွန့်နေ၏။

"ဟာ ... ဒီမှာ တစ်ဆူတွေ့ပြီ"

"ဟေ ..."

"ဟင် ..."

အားလုံး လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြ၏။

"ဘယ်မှာ လဲ၊ သုံးဆူလား"

"တစ်ဆူပဲ"

သူတို့ ချင်းမေးလိုက်ကြကာ နှစ်ယောက် အူယားဖားယား ပြေးကပ်သွား၏။

"တစ်ယောက်မှ မလှုပ်နဲ့ နော်၊ အဲဒီတစ်ယောက် ဘယ်သူလဲ ... ထွက်"

စောစောက မကြည်မလင်ပုံနှင့် လူက အားလုံးထင်းနေသည့် တံတိုင်းကိုပဲ တည့်တည့်စိုက်ကြည့်သည် ။

ပြီးတော့ နွေ့ကို ဝေ့ကြည့်၍ ...

"ဘယ်သူခိုးမှ ခေါက်တုံ့ခေါက်ပြန် လမ်းသလားမနေဘူး၊ ညှော့သည်ဆိုတဲ့ သတ္တဝါတွေပဲခိုးတာ"

ဟု ပြောလိုက်သေးသည် ။

"အောင်မယ် ... လူပုံကြည့်၊ ဘုရားခိုးမှ စားရမယ့်ရုပ်လားဆိုတာ ... ၊ ဟွန်း ... သဲဘုရားဆိုတာ ဘာမှန်းမသိလို့ ခုမှ သေချာကြည့်ရမှာ "

နွေ့ က အစကတည်းက ဒါကိုသိချင်နေတာဖြစ်သည် ။ သဲဘုရားဆိုတာ သဲနဲ့ ထုဆစ်ထားတာပဲဖြစ်နိုင်သည် မို့ စိတ်ဝင်စားမိ၏။

ကလောမှာ တုန်းက နှစ်ပေါင်းတစ်ရာကျော်ခဲ့ပြီဆိုသော နီးဘုရားကြီးကို ဖူးခဲ့ရပါလျက်နှင့် နီးဘုရားမှန်းမသိ၊ နှစ်ပေါင်းတစ်ရာ

ကျော်ခဲ့ပြီဆိုတာလည်း ပြန် လာပြီဆိုမှ သိခဲ့ရသည် ။ ကင်မရာကိုင်ရင်း လေယာဉ်ပေါ်ရောက်မှ တက်တခေါက်ခေါက်ဖြစ်ရ၏။

ထူးဆန်းတာဆို ငြိမ်းတို့ လင်မယားအတွက် သတင်းယူပေး စုဆောင်းပေးရင်း စပ်စုတတ်လာသည့် ကိုယ့်အကျင့်ကိုလည်း သတိထားမိသည် ။

ခုလည်း ကိုယ်သိချင်တာရော၊ ငြိမ်းတို့ အတွက် သတင်းတစ်ရပ်လည်း ဖြစ်ရအောင် ရှေ့ကရန်သူကိုပင် ဂရုမစိုက်နိုင်ဖြစ်လာသည် ။

ကားပေါ်ကနေ တစ်စုံတစ်ခုကိုကိုင်၍ ဖုတ်ခနဲခုန်ချလိုက်သူထံ သွားမလို့ နွေ့ က ခြေလှမ်းပြင်၏။

ကြားကနေ ပြောဆိုဖျန်ဖြေပေးခဲ့သော လူကြီးမှာ မျက်နှာပျက်သွားပေမယ့် နွေ့ ကိုမတားလိုက်နိုင်။

ဒါပေမဲ့ အနားကနေဖြတ်ကျော်သွားတော့မည့် နွေ့လက်ကောက်ဝတ်လေးကို တံတိုင်းက မညှာမတာဆောင့်ဆွဲလိုက်ကာ ...

"မင်း တော်တော် မနေတတ်တဲ့ မိန်းမ"

"အား ..."

ထိန်းလျှောက်နေရသည့် ခြေထောက်က သူ့လက်ကိုဆွဲလိုက်လို့ ဟန်ချက်ပျက်သွားတော့ အသည်းခိုက်အောင်နာသွား၏။

"ခင်ဗျာ ..."

နွေ့ ရန်တွေ့ဖို့ ပါးစပ်ပြင်လိုက်တုန်းမှာ တဖောင်းဖောင်းရိုက်နှက်သံတွေ ထွက်လာ၏။ အားလုံး တိခနဲတိတ်ကျသွားကြသည် ။

"ဘာမဟုတ်တာလဲ၊ ဘာငြင်းဦးမှာ လဲ၊ နင် ဒီအိတ်ကိုဆွဲထားပြီးမှ

ပြန်ချပြီး ကားပေါ်ကဆင်းတာ၊ ငါ သေချာမြင်လိုက်တယ်"

"မဟုတ်ဘူး ၊ အိတ်ကတော့ ငါ့အိတ်ပါ၊ ဒါပေမဲ့ အထဲမှာ ..."

"ပါးစပ်ပိတ်စမ်း အပုပ်ကောင်၊ ဒါတွေ ငါတို့ ရိုးနေပြီ၊ ကျန်တဲ့ နှစ်ဆူ ဘယ်မှာ လဲ"

လက်ကြီးရွယ်ပြီးမေးတော့ အရိုက်ခံထားရသဖြင့် နှာခေါင်းထဲက သွေးကျနေသည့် လူကြီးက ဒူးထောက်မတတ်ဖြစ်သွားကာ ...

"အဲဒါ ... ကျုပ် ... ကျုပ် သက်သက် သူများ ချောက်ဆင်တာခံလိုက်ရတာ၊ ကျုပ် မယူဘူး၊ တကယ်မသိတာပါ"

ရိုက်နှက်သံတွေ ဆူညံသွား၏။ လူကြီး တကယ်ဒူးထောက်လဲကျသွားသည် ။

"ကားတွေ ပြန်ထွက်ခိုင်းတော့ ဂျမ်း၊ ဒီလူကို ငါတို့ မိပြီ"

"မဟုတ်ဘူး မလုပ်ပါနဲ့ ၊ ကျုပ်က မိတ္ထီလာကပါ၊ တီးတိန်က သားနဲ့ မြေးတွေဆီ အလည်သွားမလို့ လာခဲ့တာပါ"

"ဟွန်း ..."

ဘယ်လိုပြောပြော လက်ခံမည့် ပုံမရှိပေမယ့် လူကြီးက တောင်းပန်ဆဲ။

"ကျုပ်က အဲဒီလို ငရဲကျမယ့်အလုပ်မျိုးကို ..."

"နင့်ပါးစပ် ပိတ်စမ်း၊ ငါတို့ ကို အမှန်ဖွင့်ပြောရင် နောက်ကားပတ်မီ ပြန်လွှတ်ပေးမယ်၊ မပြောလို့ ကတော့ ဒီတောင်ကြားက နင့်သင်္ချိုင်းမှတ် "

"ဒါတော့ သဘာဝမကျပါဘူး"

နွေ့ က ဒေါသတကြီးဝင်ပြောလိုက်သဖြင့် အားလုံး သူမကို လှည့်ကြည့်ကြ၏။

"နင်က ဘာလဲ၊ သေသွားချင်လို့ လား"

သူမကိုချည်းကြည့်နေသည့် လူက မေးဆတ်မေးရင်း ရှေ့တိုးလာ၏။ နွေ့ က ဆံပင်တွေကို ဆတ်ခနဲထုတ်ပစ်လိုက်ကာ ရုန်းလို့ မရသေးသည့် တံတိုင်း ကိုင်ထားသည့် လက်ကိုလည်း ရုန်းရင်း ...

"ဘာလို့ သေရမှာ လဲ၊ တောကြား တောင်ကြားမှာ ဆိုပြီး ထင်တိုင်း လုပ်နေတာ၊ ဘယ်နေရာမှာ ဖြစ်ဖြစ် ဥပဒေရှိတယ်၊ လူတစ်ယောက်ကို အပြစ်မခိုင်လုံဘဲနဲ့ သတ်လို့ ရမလား ..."

"အောင်မယ် ..."

"အဲဒီတစ်ယောက်ကို ဆွဲထုတ်ထားလိုက်၊ အားလုံး ကိုယ့်နေရာကိုယ် ပြန်ဝင်ကြ"

ဒေါသကြီးသွားသည့် သူက ရှေ့တက်လာသည် ။ အမိန့်ထုတ်သည့် လူက ထုတ်ပြန်ကြေညာ၏။ လူတွေက ကိုယ့်ဒုက္ခကိုထမ်းပိုး၍ ကားပေါ်ကို အလုအယက်တက်ကုန်ကြပေမယ့် ဖျန်ဖြေစကားပြောခဲ့သည့် လူကြီးကတော့ မတက်နိုင်ရှာ။

သူက ဒီခရီးနဲ့ အနေအထားတွေကို ကျွမ်းကျင်နေသော်လည်း ဒေသခံလူလည်း ဖြစ်ပေမယ့် တောင်ပေါ်ဇာတိမဟုတ်ပါ။

မြေပြန့်သားစစ်စစ်ဖြစ်လျက် အိမ်ထောင်ကျခဲ့ပြီးမှ ဒီဘက်မှာ အခြေချခဲ့တာဖြစ်သည် ။ တံတိုင်းနဲ့ နွေ့ ပုံစံကိုကြည့်ကတည်းက စိတ်ဆတ်ပြီး မဟုတ်မခံစိတ်ရှိကြတာချင်းလည်း တူနေနိုင်တာကိုတွက်မိသည် ။

နှစ်ယောက်သား မသင့်မြတ်တာတွေရှိခဲ့ပေမယ့် လူငယ်ချင်းမို့ ရိုင်းပင်းလိုစိတ်တော့ ရှိနိုင်သည် ဆိုတာ တွေးမိလို့ ဒီလူတွေ သတိထားနေတာကို ပေါ့လျော့အောင် လင်မယားလို့ ပြောပေးလိုက်မိခြင်း ဖြစ်၏။

သူပြောသလို နှစ်ယောက်စလုံး ငြိမ်တော့ငြိမ်နေကြသည် ။ ပြီးတော့ ပြောချင်ရာပြောချလိုက်တာ ဘာဖြစ်သွားနိုင်တာကို မသိဘူးလား။

"လာခဲ့ ... နင် နေခဲ့"

"ဖယ်နော်"

"နေဦး"

မည်းမည်းလူက ရှေ့တက်ပြီး နွေ့ လက်ကိုဆွဲသည် ။ နွေ့ ကနောက်ဆုတ်ပစ်လိုက်၏။ တံတိုင်းက နွေ့ ကို တစ်ဖက်ကကိုင်ထားလျက်နှင့် တစ်ဖက်က ထိုသူ့ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်၏။

သွားပြီ ...။

မြင်ကွင်းကြောင့် ပြေလည်စေချင်သည့် လူကြီးမျက်နှာ ရှုံ့မဲ့လျက်ခေါင်းတယမ်းယမ်းဖြစ်သွားခဲ့သည် ။

"ဟိတ်ကောင်"

သူတို့ လူ ယိမ်းယိုင်လန်ကျသွားတာမြင်လိုက်သဖြင့် သုံးယောက်က ပြေးလွှားရောက် လာပြီး တံတိုင်းကို ဝိုင်းထားလိုက်ကြသည် ။

သူတို့ တွေ တံတိုင်း ကိုမြင်ကတည်းက ထိုသူဟာ ရိုးပုံရိုးပန်းတော့ မဖြစ်နိုင်ဘူးဟု တွက်မိပြီးသား ဖြစ်၏။

တောသူတောင်သားပီပီ ဥပဓိရုပ် နှင့် ပတ်သက်ပြီး သေချာကျနစွာ မဖတ်နိုင်ပေမယ့် ဂရုစိုက်ရမယ့် လူတစ်ယောက်အဖြစ်က ခေါင်းထဲမှာ

ရှိကြပြီးသား။

"စာရေးဆရာဆိုပြီး လူလိမ်"

တစ်ယောက်က ခက်ထန်စွာပြောရင်း ကိုင်ထားသည့် ဓားရှည်နှင့် လည်မျိုဆီကို တည့်မတ်စွာချိန်၍ တစ်လှမ်းချင်းတိုးလာသည် ။

လည်ပင်းရှေ့ရောက်လာသည့် ဓားဦးကို တံတိုင်းက အေးဆေးစွာ ဖယ်ချပစ်လိုက်ပြီး ...

"စာရေးဆရာဖြစ်ဖို့ သရဖူတွေ ခေါင်းဆောင်းတွေ တပ်ထားရဦးမှာလား"

ဟိုခရီးသွားလူကြီးအပေါ် အပြစ်ကျသွားမှာ စိုးသဖြင့် တံတိုင်း က ဘာလိုလိုပြောလိုက်၏။

သွေးအေးနေသည့် သူ့ပုံစံကိုကြည့်ကာ ဓားကိုင်ထားသည့် လူက ရှေ့ဆက်မတိုးဘဲ ...

"နင်တို့ က ဟိုလူကြီးနဲ့ ဘာတော်တာလဲ"

"ဘာမှ မတော်ပေမယ့် ဘေးလူတောင်မှ အမြင်မတော်ဘူးဆိုတော့ မင်းတို့ စဉ်းစာလေ၊ ဒီနေရာမှာ ဘယ်လူကြီးခန့်အပ်ထားတဲ့ ရာထူးနဲ့ ထင်တိုင်းကြဲနေတာလဲ"

"ဟာ ... ဒီကောင် ... ကဲကွာ ..."

"အား ..."

"အောင်မယ်လေး"

ဓားရောင် လက်ခနဲဖြစ်သွားလျှင် နွေ့ သတ္တိတွေ ဘယ်ရောက်ကုန်မှန်းမသိတော့ပေ။

မျက်လုံးထဲမှာ ပြာသွား၏။ သူမ အော်သံကြားသည် နှင့် ဘယ်သူ့ကို ထိသွားမှန်းမသိဘဲ အော်သံတွေ ထွက်ပေါ်လာကြသည် ။

"အား"

"ဘုန်း"

"နေကြဦး"

ဓားတခြား လူတခြား လွင့်ကုန်တော့ တိုင်းရင်းသားလေးယောက် မျက်စိမျက်နှာတွေပျက်ကာ အလောတကြီးတားဆီးကြ၏။

သူတို့ စိတ်ထဲမှာ အမည်တပ်၍ မရသော ခေါင်းစဉ်တစ်ခုက တံတိုင်းဘယ်လိုလူစားမှန်း အမည်တပ်ပေးလိုက်သလိုဖြစ်သွားသည် ။

"ဟိတ်ကောင် မင်းနဲ့ ငါချမယ်၊ မင်းနိုင်ရင် ..."

"ဂျမ်း ... မချနဲ့ ၊ နင်တစ်ယောက်တည်း ..."

"တိတ်"

ဂျမ်းဆိုသည့် မျက်နှာအရင့်ဆုံးလူက အာခေါင်ခြစ်အော်ပြီး ကိုင်ထားသည့် ဓားပြားကြီးကို လက်တုန်အောင်ဖိဆုပ်၏။

"ဒီကောင် ဘာကောင်ဖြစ်ဖြစ် ငါသတ်မယ်၊ သတ်ကိုသတ်မှ ၊ နင်တို့ ဝင်မပါနဲ့ "

ဓားပြားကြီးက ရှေးဟောင်းဓားကြီးဖြစ်ကာ ငှက်ကြီးတောင်ဓားလို ရှည်၍ ဓားဖျားမှာ ပဲ တစ်ထွာလောက်ဖြက်ကျယ်သည် ။

ပြားပြားကော့ကော့ကြီးနှင့် ကြောက်စရာကြီး ဖြစ်၏။ ထို့ပြင် ဓားပြားတစ်ခုလုံးက မည်းညစ်ညစ်ကြီးဖြစ်နေလျက် အသွားနေရာမှာ ပဲ လက်တစ်လုံးလောက်ပြောင်လက်နေသည် ။

လူနဲ့ ဓားပုံစံက လူသတ်ကုန်းက အာဏာပါးကွက်သားနှင့် တူနေ၏ ။ ထိုသူ ရှေ့တက်လာတော့ တံတိုင်း က နွေ့ ကိုနောက်သို့တွန်းပို့ လိုက်ပြီးတည်ငြိမ်သည့် မျက်နှာနှင့် ရင်ဆိုင်၏။

သူက သွေးသံရဲရဲနှင့် ခွေကျမတတ်ဖြစ်နေသည့် စွပ်စွဲခံနေရသော လူကြီးကို မျက်လုံးနှင့် လှမ်းကြည့်ပြကာ ...

"မင်းက ပြိုင်ပွဲလုပ်ချင်တာဆိုရင် အနိုင်အရှုံးမှာ ရလဒ်တစ်ခုခုတော့ ရှိရမှာ ပေါ့"

လူမည်းက ဒီလိုစကားမျိုး နုနုရွရွမဆိုတတ်ပေမယ့် နားလည်လွယ်၏။

"နင်က ဘာတောင်းမလို့ လဲ၊ နင် ငါ့ကို မနိုင်ဘူး"

"ဘယ်သူပဲနိုင်နိုင် နိုင်တဲ့ သူက အမြတ်ရသင့်တယ်၊ မဟုတ်ဘူးလား"

"နင့်ကိုနိုင်တဲ့ ငါက ဘာရမှာ လဲ၊ စကားမများ နဲ့ နင် ဓားယူမလား"

လူမည်းက မျှတမှုကိုတော့ လိုလားပုံရသည် ။ သူတို့ အားလုံးဟာ လူသတ်ဓားပြတိုက်နေကြသည့် သူပုန်တွေမဟုတ်ပေမယ့် အုပ်စုကွဲ၊ နယ်မြေခွဲနှင့် ကိုယ့်အုပ်စုမှာ ကိုယ် မင်းမူနိုင်ဖို့ ကြိုးစားနေသည့် မဖွံ့ဖြိုးသေးတဲ့ အမြစ်တွေကတော့ ဆိုးရွားလွန်း၏။

ထို့ပြင် ...

ကိုယ့်သတ်မှတ်ချက်နဲ့ ကိုယ် စည်းသားသတ်မှတ်ပြီး သူ့ဘက် မကျူးရ၊ ကိုယ့်ဘက်ကိုမလာရဟု ရန်မီးပွားနေကြတာလဲ၊ သူတို့ နယ်မြေကျဉ်းကျဉ်းလေးမှာ ပါ။

သို့သော် လမ်းပေါ်ထိ တက်တက် လာပြီး ဒီလိုပြဿနာတွေမှာ ထင်သလိုကြဲလာတာ မကောင်းပေ။

တံတိုင်းက လူမည်းနှင့် သူ့ရဲ့ အပေါင်းပါတွေကို မျက်မှောင်ကြုတ်နှင့် ဝေ့ပတ်ကြည့်ကာ ...

"မင်းတို့ က မတရားတာမလုပ်ဘူးလို့ တော့ အော်နေကြတာပဲ၊ လက်တွေ့မှာ ကျတော့ အုပ်စုနဲ့ အနိုင်ကျင့်တာမျိုးတွေပါလား။ ဘာအထင်ကြီးစရာရှိလဲ"

"ဘာ ... ဘာပြောတယ် ...၊ နင် ..."

လူမည်း ဆတ်ဆတ်ခါဖြစ်သွားတာကို စိုက်ကြည့်ပြီး တံတိုင်း က မသိမသာပြုံး၏။

"ငါ့ကို ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် နိုင်မှာ ပဲလို့ တွက်ထားတာက နောက်ကအဖော်တွေကို အားကိုးနဲ့ မဟုတ်လား၊ ငါက လက်နက်မဲ့ တစ်ယောက်တည်း၊ မင်းတို့ က လက်နက်တွေနဲ့ ..."

"အောင်မယ်ကွာ .. .နင်က ဘာမို့လို့ ငါတို့ က ဝိုင်းချရမှာ လဲ၊ လာခဲ့စမ်း ဟိတ်ကောင်၊ နင် ဝင်ခဲ့ ..."

"ရတယ်လေ၊ မင်း ကတိတည်တယ်ဆိုရင် တိုက်ကြည့်တာပေါ့"

"တိုက်ကြည့်တာ မဟုတ်ဘူး ၊ ဒါ လူသတ်ပွဲ"

"ထားလိုက်ပါ၊ ဒါပေမဲ့ ငါနိုင်ရင်တော့ ဟိုခရီးသည် ကို မင်း လွှတ်ပေးရမယ်"

"ဘာကွ ..."

"မြေပြန့်သားက လူပါးဝလို့ ..."

"မကျေနပ်ဘူးလား"

အနားမှာ လက်နက်တပြင်ပြင်လူထွားတွေ ဝိုင်းလာကြသည် ။ ရှေ့က ကားကတော့ သူတို့ ဘာသာ သစ်ပင်ကိုဖယ်ရှားပြီး မောင်းထွက်သွားပါပြီ။

အချိန်က နေညိုတော့မည်။ ရှေ့ခရီးက ဝေးသေး၏။ သူတို့ အားလုံးအဲဒါကို တွေးမိသည် ။ သို့သော် ပြဿနာဖြစ်နေတာက ကိုယ့်ကားမှာ ဆိုတော့ ကျန်တဲ့ လူတွေလည်း ဘာမှ မတတ်နိုင်ဘဲကြည့်နေရတော့သည် ။

ဒီထဲမှာ နွေ က ပိုဆိုးသည် ။ ကိုယ်နဲ့ မဟုတ်သည့် ပြဿနာကို ကိုယ့်ဆီခေါ်သလို လုပ်ခဲ့တာက သူမဖြစ်နေသည် မို့ ...

"တံတိုင်း"

"မင်း ဆုတ်နေစမ်း"

ခြေလှမ်းပြင်လိုက်တာနှင့် တံတိုင်း၏ မာန်မဲခြင်းကို ခံလိုက်ရသည် ။ အမြင်မတော်လျှင် မနေတတ်သည့် လူကြီးကလည်း နွေ ကို နောက်ကနေ လက်အသာဆွဲခေါ်၍ ...

"ကိုယ် မတတ်နိုင်တာကို ဝင်ပါဖို့ မကြိုးစားနဲ့ ၊ သူ့မှာ လည်း အန္တရာယ် ဖြစ်သွားနိုင်တယ်"

ဟု ခပ်တိုးတိုးသတိပေး၏။

"တိတ်စမ်း၊ စောနကတည်းက ငါ့ကိုနိုင်ရင် ဒီကနေထွက်သွားလို့ ငါပြောခဲ့တာ"

"သူက သူခိုးကိုပြန်တောင်းနေတာဟ"

တစ်ယောက်တစ်ခွန်း ဝင်ပြောနေကြသူတွေကို တံတိုင်း က ခါး ထောက်ကြည့်၍ …

"ဘာဖြစ်လို့ လဲ၊ မင်းတို့ ပျောက်တဲ့ ပစ္စည်း ပြန်ရပြီမဟုတ်လား။ ဟို လူ ဆွဲထည့်၊ ဒီလူ ဆွဲထည့် မလုပ်ပါနဲ့ ၊ သူ့ပုံစံကိုကြည့်ပါဦး၊ မင်းတို့ နှိပ်စက်လို့ သေသွားရင်တောင် ပြောနိုင်မှာ မဟုတ်ဘူး ၊ သူက ခိုးတဲ့ သူမှ မဟုတ်တာ"

"ဒါဆို နင်ခိုးထားလို့ လား"

"မင်းတို့ အဲဒီလိုအတွေးအခေါ်တွေကြောင့် ဒီလို တောင်ကြိုတောင်ကြားကနေ မထွက်နိုင်ကြတာ၊ ဒီကခိုးသွားတဲ့ ပစ္စည်း နဲ့ ဒီနေရာကို ဘယ်သူက ဖြတ်ပြေးမှာ လဲ၊ တိရစ္ဆာန်တောင်မှ ကျော့ကွင်းကလွတ်သွားပြီးရင် အဲဒီနေရာကို ပြန်လှည့်မပြေးဘူး"

ဓားပြားကြီးတဆဆနှင့် လူက တစ်လုံးမှ မပြောဘဲ မေးဖျားကို ဘ ယ်ညာရွှံ့စောင်းနေသည် အထိ အံတကြိတ်ကြိတ်။

"သူ့ကိုပဲ တရားခံလို့ မင်း တပ်အပ်ထင်ထားရင်လည်း နေပါ။ ဒါပေ မဲ့ မင်း နိုင်မယ်လို့ ယုံကြည်နေသားနဲ့ ငါ တောင်းဆိုတာကို မပေးရဲဘူးဖြစ်နေတာက ရယ်စရာကြီး၊ ငါကလည်း ငါ့ကိုယ်ငါ ယုံတယ် ၊ မင်းကို ငါ သေချာပေါက် နိုင်တယ်၊ အဲဒါကြောင့် ငါနိုင်ရင် ငါလိုချင် တာရမှ ဖြစ်မယ်"

"… မသား …"

လူမည်းက ညစ်ညမ်းစွာဆဲသည် ။ ပြီးလျှင် …

"ကြိုက်တဲ့ ဟာကိုယူစမ်း၊ ချမယ်၊ နင်တို့ အားလုံး လွတ်အောင် ငါ့ ကို နိုင်အောင်ချ"

ဓားပြားကြီးမြောက်တက်သွား၏။ လွှဲပုံ ခုတ်ပုံက မြန်လွန်းသဖြင့် ဓားရောင်ညစ်ညစ်ကြီးက နွေ့ မျက်လုံးထဲမှာ ပြိုးပြက်လက်သွားသလိုပ င်။

လူချင်းနီးကပ်လျက်ရှိကာ တံတိုင်းက ဟိုလူလွှဲခုတ်လိုက်တာကို မမြ င်သလို မတုန်မလှုပ်ရပ်နေလျှင် ...

"အောင်မယ်လေး သေပြီ"

စူးစူးဝါးဝါးအော်ပစ်လိုက်မိပြီး နွေ့ ပုံခနဲလဲကျသွား၏။ နီရဲသော သွေးကွက်ကြီးထဲမှာ အပြောကြီးသည့် တံတိုင်း၏ ကိုယ်လုံးကြီးက ဗုန်း ခနဲ ...။

***

# အခန်း(၂)

"ဒုန်း"

"အ ..."

ခေါင်းကို တစ်စုံတစ်ရာနှင့် ကိုင်ဆောင့်လိုက်သလို ပူထူသွားသဖြင့် မျက်လုံးတွေက သူ့အလိုလိုဖွင့်သွား၏။

"ဟင် ... တံတိုင်း"

မျက်လုံးဖွင့်လိုက်သည် နှင့် ကားပေါ်မှာ ရှိနေသည့် ကိုယ့်အဖြစ်ကို သတိရကာ နာကျင်သွားသည့် နောက်စေ့နေရာကို လက်နှင့် အုပ်လိုက်ပြီး ကိုယ်က မတ်ခနဲဖြစ်သွား၏။

သူ့မဘေးမှာ လူတစ်ယောက်စာ နေရာလွတ်နေလျက် ... တံတိုင်းကိုလည်း မတွေ့။ အားလုံးက သူ့နေရာနဲ့ သူပဲ ရှိနေကြသည် ။ ပြောင်းလဲသွားတာက အမှောင်ထု။

နေဝင်စ မိုးချုပ်ညအချိန်မှာ မီးထိုးထားသော ရှေ့လမ်းကိုကုန်းကြည့်တော့လည်း ဒီလမ်း ဒီခရီးပါပဲ။

"ဒီမှာ ဦးလေး ..."

တံတိုင်းရဲ့ ဟိုဘက်ကထိုင်သည့် လူကြီးကို နွေ က လက်တို့ ခေါ်လိုက်ကာ ...

"ဒီနေရာကလူကောဟင် ...။ သူ ... သူ ဘာဖြစ်သွားသလဲ၊ ဟိုလူ ဓားကြီးနဲ့ ခုတ်လိုက်တာလေ၊ သူ ဘာဖြစ်ကျန်ခဲ့ပြီလဲ"

"ဘာမှ မဖြစ်ဘူး၊ နင်ပဲ သတိလစ်သွားတာ၊ သူက ခုမှ ဆင်းကျန်ခဲ့တာလေ"

"ဟင် ... ဘာမှ မဖြစ်ဘူး ဟုတ်လား၊ တကယ်လားဟင်၊ ဘာဖြစ်လို့ ဆင်းကျန်ခဲ့တာလဲ"

"လက်ဖျံမှာ ဒဏ်ရာရသွားတယ်လေ၊ သွေး တအားထွက်နေလို့ ရွာ န ၁းန ိးန ိးမ ၂၁ ချပေးခဲ့လိုက်တာ၊ ဆေးလေးဝါးလေးထည့်ပြီး နားရတာပေ့ါ"

"အို ... အဲဒီလိုပစ်စလက်ခတ်ထားပစ်ခဲ့ရသလား၊ ဒီမှာ ကားဆရာကြီး ကားရပ်ပေးပါ၊ ရပ်လိုက်ပါ"

"ဘာဖြစ်ပြန်ပြီလဲ"

လူတွေမှာ ကယောင်ချောက်ချားဖြစ်လာလို့ ရင်တုန်မပြေသေးပေ။ နွေ့ က အသည်းအသန်ထကာ ခုန်ချတော့မတတ်ဖြစ်လာသဖြင့် အထိတ်တလန့်ဖြစ်ကုန်ကြပြန်၏။

ကားကလည်း တောင်ကြောကိုဖြတ်ရတော့မှာ မို့ ချက်ချင်းရပ်ပေးလိုက်ကာ ...

"အေးလေ၊ ဓားကိုတောင်မကြည့်ရဲဘဲနဲ့ ရန်တွေ့တော့ ကတ်ကတ်ကိုလန်နေတာပဲ"

တစ်ယောက်တစ်ခွန်းသံတွေထဲမှာ နွေ့ ကိုကြည်ဖြူမြတ်နိုးတဲ့ အသံ တစ်သံမှ မပါ။

နွေ့ ကလည်း ဂရုမစိုက်ပါ။ ကားရပ်သည် နှင့် ကျောပိုးအိတ်လေးကို ကမန်းကတန်းကောက်လွယ်၍ ကင်မရာကိုကိုင်ကာ သူမဘာသာ တံခါးဖွင့်လိုက်သည် ။

"ဟေ့ ... ဟေ့ ... ဘာလုပ်မလို့ လဲ၊ တောကြာ တောင်ကြားမှာ နေဝ င် မိုးချုပ် ..."

အနီးဆုံးမှာ ရှိသည့် လူကြီးက လှမ်းဆွဲထားတော့မလိုလို စိုးရိမ်သံနှ င့် ဝင်တားသည် ။

နွေ့ က တံခါးဖွင့်လို့ ရကာမှ နောက်ပြန်လှည့်ကြည့်၍ ...

"နေဝင်မိုးချုပ်လည်း ဒီက ဘာဒဏ်ရာမှ မရှိတဲ့ လူ၊ ဦးလေးတို့ က အားလုံးကိုယ်စား ရင်းနှီးစွန့်စားပေးခဲ့တဲ့ လူကို ဒဏ်ရာကြီးနဲ့ ဒီတိုင်း လမ်းမှာ ချထားပေးခဲ့တာ ကောင်းလား"

"ဟာ ... မဟုတ်ဘူး ၊ သူက သူ့သဘောနဲ့ သူ ... ဟိုလူ ဒဏ်ရာကြီးနဲ့ ..."

လူကြီး မျက်လုံးကြီးပြူးလျက် စကားတွေ လည်ချောင်းဝမှာ ခလုတ် တိုက်နေစဉ် နွေ့ က ခြေထောက်လေးတစ်ဖက် ထော့လျက်နှင့် ကားပေါ် က  ဆင်းချသွားပြီ ဖြစ်၏။

"ဒီကောင်မလေး ရူးသွားပြီလား"

"မိုးပဲချုပ်နေပြီ၊ အကြောက်အလန့်မရှိ ..."

"ဟိုကောင်လေးက သူ့ယောကျ်ားလားမှ မသိတာ"

"ဘာမှ မဆိုင်လို့ ဟိုက ထားခဲ့တာပေါ့"

" မဟုတ်ဘူး ၊ ကောင်လေးက သူ့ကိုကယ်လို့ ဖြစ်သွားတာ"

စကားသံတွေ နောက်ကနေ ကပ်ပါလာသေးသည် ။

"ဟိုကောင်မလေး စွတ်ပြေးမသွားနဲ့ ၊ အဲဒီရှေ့က တောလမ်းကလေး ထဲကိုလိုက်ဝင်သွား၊ ရှေ့နားကရွာကို သူတို့ သွားကြတာ"

ခပ်ကျယ်ကျယ်လှမ်းအော်လိုက်သံတစ်ချက်ကြောင့် ပြေးနေသည့် နွေ့ ခြေလှမ်းတွေ တုံ့သွား၏။

ဖျတ်ခနဲပြန်လှည့်ကြည့်လိုက်တော့ ကားကထွက်သွားပါပြီ။ ကားထွက်သွားတာကို ဝမ်းမနည်းပေမယ့် ထိတ်ခနဲ စိုးရိမ်စိတ်တော့ ဖြစ်သွား၏။

သူမ ထင်ထားတာက တံတိုင်းမှာ ဒဏ်ရာနှင့် မို့၊ ပြီးတော့ ဟိုလူတွေကို ခုံခံတိုက်ထားတဲ့ သူမို့ ကားနဲ့ ဆက်ခေါ်မသွားနိုင်ဘဲ ချထားခဲ့ကြသည် ။ ထို့ကြောင့် ဒီကားလမ်းပေါ်မှာ  တံတိုင်း တုန်ယင်ယိုင်နဲ့ စွာလှမ်းရင်း မချိတရိလျှောက်နေရှာမှာ ပဲဟု ...

သူမ ပြန်လှည့်လာခဲ့သည့် အတွက် တံတိုင်းနဲ့ ပြန်ဆုံမိမည်။ သူ့အတွက် တွဲကူပေးနိုင်မည်၊ သေလုမြောပါးဒဏ်ရာနှင့် လူအတွက် သူမ ဤကဲ့သို့ စွန့်လွှတ်စွန့်စားတာ ...၊ ခုတော့ ဒီလိုမဟုတ်ပါလား ...။

ဒီကြားထဲ ရွာတစ်ရွာမှာ နားဖို့ တံတိုင်း က ဆင်းနေခဲ့သလိုလို ...၊ ထိုအခါ ဟိုလူကြီး ရှင်းပြသည့် စကားတစ်ပိုင်းတစ်စကို သတိရလိုက်မိ၏။

"ဟာ ... မဟုတ်ဘူး ၊ သူက သူ့သဘောနဲ့ သူ  ..."ဆိုတာ ...

လုံးဝမှောင်မိုက်သွားပြီမို့ ထိုးထားမိသည့် ဓာတ်မီးရောင်ကို မပိတ်ရဲဘဲ နွေ အပြေးတစ်ပိုင်းလျှောက်မိသည် ။

ကိုယ့်လုပ်ရပ်ကို နောင်တမရတတ်သည့် သူမခေါင်းထဲမှာ ‘ငါ သတိ

လစ်သွားတဲ့ ကာလလေးမှာ သူတို့ ဘယ်လိုစီစဉ်ပြောင်းလဲပြီး တံတိုင်းကို ချထားခဲ့တာလဲ’။

‘ဘာမှ သေချာမမေးဘဲ ဆင်းချလာခဲ့တာ ငါ မှားသွားပြီလား’။

တိတ်ဆိတ်မှောင်မိုက်နေသည့် တောင်ကြားလမ်း၏ ချောက်ချားဖွယ်ညမှာ နောင်တမေးခွန်းများ နှင့် ခြေလှမ်းများစပြု၏။

ကားလွန်လာခဲ့ပြီး သူမ မေးမြန်းပြန်ပြေးလာခဲ့ရသည့် အချိန်လောက်မှာ တံတိုင်း ဘယ်လောက်ထိ ရောက်သွားနိုင်သလဲ။

ဒါမှ မဟုတ် တံတိုင်း တိုးဝင်သွားသည် ဆိုသော ရွာအဝင်လမ်းကို သူမ မတွေ့ခဲ့လျှင် ...

နွေ ခြေလှမ်းတွေကို အမြန်ဆုံးလှမ်းနေရင်းကနေ ပြေးခြင်းသို့ ရောက်သွား၏။ တံတိုင်းနဲ့ သူမ မတွေ့လို့ မဖြစ်ပေ။

ဆံပင်တွေ လေထဲမှာ ဖွာလန်ကြဲနေတဲ့ အထိ ပြေးရင်း တစ်စုံတစ်ရာကို သတိရသွား၏။

မျက်ဝန်းထောင့်မှာ လမ်းလိုလို၊ လူလိုလို၊ အဖြူရိပ် ကိုမြင်လိုက်သည် ထင်၏။

နွေ ချက်ချင်းနောက်ပြန်လှည့်သည် ။

သူမ ထင်မြင်ချက် မှန်သွား၏။

မြေနီတွေ အနည်းငယ်ပေါ်ရုံသာရှိနေသော လမ်းကလေးက လူသွားလမ်းပဲဖြစ်သည် ။

လူတစ်ယောက် လက်နှစ်ဖက် ဘေးကိုဆန့်သာရုံလောက်ပဲကျယ်လျက် အတိုအရှည်မညီသော တောရိုင်းပင်တွေက သတ္တဝါတွေ ငုတ်တုတ်

ထိုင်နေကြသလို ခါတ်မီးရောင်အောက်မှာ ထိုးထိုးထောင်ထောင်။

နွေ နောက်ကိုလည်း လှည့်မကြည့်ရဲတော့ပေ။ ရှေ့ကိုတိုးဖို့ သာ ဆုံးဖြတ်လိုက်ပြီး လမ်းကလေးထဲကို ပြေးဝင်လိုက်သည် ။

ကားပေါ်က လှမ်းအော်ပြောလိုက်သည့် အတိုင်း ဆိုလျှင် ဒီလမ်းက လေးကို လိုက်ဝင်သွားလျှင် တံတိုင်းကို တွေ့ကိုတွေ့ရမှာ ဖြစ်၏။

တော်ပါသေးသည် ။

ဒီလမ်းလေးထဲကိုဝင်ပြီး ဒီနားကရွာကို သွားပါသည် ဟု သံယောဇဉ် မကင်းစွာ လမ်းညွှန်လိုက်ပေလို့ ...

မဟုတ်လျှင် သူမအဖြစ်က ယုန်တောင်ပြေး၊ ခွေးမြောက်လိုက် ဆိုသ ည့် စကားပုံလို ...၊ နွေက ဆုံးဖြတ်ပြီးလျှင် ဖြစ်အောင်လုပ်ဖို့ ပဲ ယုံကြည် ချက်ထား၏။

ထိုကြောင့် ရှေ့မှာ တံတိုင်းကို မီကိုမီရမည်ဟု တပ်အပ်ယုံကြည်ကာ အတင်းစွတ်ပြေး၏။ သူ့မှာ ဒဏ်ရာကြီးနဲ့ ဆိုတော့ သိပ်မြန်မြန်သွားနိုင် မှာ မဟုတ်။

ကိုယ်က ပြေးလိုက်တဲ့ သူမို့ ချက်ချင်း  မီသွားမှာ ဟု တွက်ရင်း ပြေး နေမိတာ၊ လမ်းကလည်း ရှည်သည် ၊ ဘာမှ လည်း မတွေ့။

ရင်ခုန်သံတွေမြန်လာခဲ့တာ ကြောက်စိတ်ကြောင့် လား၊ မောဟိုက် လာတာလား၊ ကိုယ့်ကိုယ်ကို သတိထားမိတော့ ပို၍ အားငယ်လာ၏။

ဘေးပတ်ဝန်းကျင်ကို မကြည့်ရဲတော့ခြင်းကလည်း ပိုဆိုးလာသည် ။ ဘေးမှာ သစ်ပင်ချုံနွယ်တွေမဟုတ်တော့ဘဲ ကိုယ့်ကိုလှမ်းဆွဲပြီး ကုတ်ဖဲ့ ဝါးစားမလို့ စောင့်နေသည့် သရဲတစ္ဆေတွေလို ထင်လာ၏။

တံတိုင်း ... တံတိုင်းကို ဘာလို့ မတွေ့သေးတာလဲ၊ အော်ခေါ်လိုက်ရမလား ...၊ လမ်းကလေးက မျက်လုံးထဲမှာ ပျောက်သွားလိုက်၊ သစ်ပင်တွေ ထိပ်ဆီမှာ လင်းသွားလိုက် ...၊

ထိုစဉ် မျက်လုံးထဲမှာ မည်းမည်းသဏ္ဌာန်ကြီးတစ်ခု ဟူးခနဲပြေးဝင်လာ၏။

"အောင်မယ်လေး"

မျက်နှာကိုပြေးမှန်ပြီထင်တာ မျက်လုံးတွေကို မှိတ်ပစ်လိုက်မိသည်။

"ဖျန်း"

"အား"

ဟူးခနဲလေတိုးသွားပြီး မျက်နှာကို ဖျန်းခနဲအရိုက်ခံလိုက်ရ၏။ ထိတ်လန့်စိတ်နှင့် နာကျင်မှု ရောကာ နွေ့ ပစ်စလက်ခတ် လဲကျသွားသည်။

လက်ထဲက ဓာတ်မီးလွတ်ကျသွားမှန်းသိလိုက်ခြင်းက နောက်ဆုံးအသိ ...။

***